# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် မဟုတ်ဘဲ — ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 March 2025 ၁၁၇၅၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၁

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနဝိမာန်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍




### လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

ယနေ့

ဖတ်စရာ



### ခိုင်မာသော ယုံကြည်ချက်နှင့်အတူ

ဆောင်းပါး

စာမျက်နှာ » ၈၊ ၉



### ရက်ရှည်ရုံးပိတ်ရက်ကာလ ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားများ ပိုမိုဝင်ရောက်နိုင်ဟု ခန့်မှန်းထား

စာမျက်နှာ » ၁၇

ကြေးမုံ

# ဖြစ်ချင်တာထက် ဖြစ်သင့်တာဦးစားပေးဆောင်ရွက်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ လူမျိုးစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲများကို အကြောင်းပြု၍ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါးရှိပြီဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ပဋိပက္ခဒေသများရှိ ပြည်သူများမှာ ဒုက္ခဆင်းရဲမျိုးစုံ ကြုံတွေ့ခဲ့ကြကာ အဆိုပါဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း ငြိမ်းချမ်းရေးခရီးနှင့် အလှမ်းဝေးကွာနေဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံရေးဦးတည်ချက်တွင် "တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး"၊ "ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး"ကို ချမှတ်ထားပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် "နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်" ဟူသည့်အချက်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို ရှေးရှု၍ ငြိမ်းချမ်းရေးကို မျက်ခြည်မပြတ် အလေးထားဆောင်ရွက်နေသော်လည်း တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အချို့သည် ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူလျက် ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အကြမ်းဖက်လက်နက်ကိုင် လုပ်ငန်းစဉ်များကို အခြေအနေပေးလျှင်ပေးသလို ဇွတ်တိုးလုပ်ဆောင်လာကြသည်။ တိုင်းရင်းသားလူမျိုးအားလုံး စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုကြီးဖရိုဖရဲဖြစ်အောင် နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် မိမိတို့သည် တိုင်းရင်းသားညီအစ်ကို မောင်နှမများဖြစ်သည်ဟူသော ခံယူချက်ဖြင့် စိတ်ရှည်သည်းခံ အနစ်နာခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မျက်ကွယ်မပြုဘဲ ရှေးရှုဆောင်ရွက်နေသည်။ တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်လာရေးကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများ၏ လိုလားချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ်လ ၁၀ ရက်နေ့က အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ရာတွင် "လက်တွဲလုပ်ဖို့အသင့်တော်ဆုံးအချိန်ရောက်နေပါပြီ။ EAO တွေကိုလည်း ကျွန်တော်ပြောချင်တာကတော့ ကိုယ်ဖြစ်ချင်တာကို မပြောပါနဲ့။ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေပဲ ပြောဖို့ကောင်းတယ်။ လူဆိုတာကတော့ ဖြစ်ချင်တာကတော့ လူတိုင်းဖြစ်ချင်တာပဲ။ ကျွန်တော်လည်း ဖြစ်ချင်တာတွေ အများကြီးရှိတာပဲ။ ဒါပေမဲ့ ကျွန်တော်ဖြစ်ချင်တာဖြစ်ချင်မှလည်း ဖြစ်လိမ့်မယ်။ ဖြစ်သင့်တာ၊ ဖြစ်နိုင်တာကိုပဲ ကျွန်တော်တို့ သွားတာကောင်းတယ်။ ကျွန်တော်တို့ပြောတယ်။ ကျွန်တော်တို့ တစ်အချက် ဒီမိုကရေစီအခွင့်အရေးပေးတယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခွင့်အရေးပေးတယ်။ ကမ္ဘာမှာကြည့်လိုက် အကုန်လုံးက မျှတတဲ့အခွင့်အရေးပဲ ကိုယ်ရတယ်။ တစ်ဖက်သတ်အခွင့်အရေးကို သွားပေးလို့မရဘူး။ တိုင်းရင်းသားဘက်က စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော်ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီးကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေအားလုံးကို ဦးစားပေးပြီး ကျွန်တော်ဆောင်ရွက်ပေးမယ်" ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတော်နှင့် တိုင်းရင်းသားများအပေါ်တွင် ထားရှိသည့်သဘောထားကို အားလုံးလည်း ကြားသိကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၈၀ နီးပါးကြာကာလအတွင်း ပဋိပက္ခပေါင်းစုံနှင့် ကြုံတွေ့ခဲ့ကြရသည်ကိုလည်း အားလုံးသိကြသည်။ နိုင်ငံတော်ဖွံ့ဖြိုးမှုနောက်ကျခဲ့ရာ၌ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသော တိုင်းရင်းသားနယ်မြေများဖြစ်သည်ကို သတိချပ်ကြရမည်ဖြစ်သည်။ လေးလေးနက်နက်စဉ်းစားရန် လိုအပ်မည်ဖြစ်သည်။ ဖြစ်ချင်သည်များနှင့် ဖြစ်သင့်သည်တို့ကို မျှတစွာစဉ်းစားဆင်ခြင်ပြီး တိုင်းရင်းသားဒေသများအကျိုး၊ ပြည်ထောင်စုကြီးအကျိုးကို အားလုံးလက်တွဲပူးပေါင်း ဆောင်ရွက်သင့်သည့် အချိန်အခါကောင်းဖြစ်သည်ကို အသိပေးလိုပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

( ခ ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

နေပြည်တော် မတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၅-၃-၂၀၂၅ ရက်နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၄-၁၁-၂၀၂၄ ရက်နေ့မှ ၁၄-၂-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေ ၃၅ ဦး ပေါင်း ၃၇ ဦးအား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၀၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၆၁၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန

## ၁၁ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၈၀၀၀၀ ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၃ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၅၀ | ၃၆၀,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၂၀၅ | ၆၁၅,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၈ | ၁၄၀,၄၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၃၂၄ | ၅၆၇,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၆၆၁ | ၁,၀၃၀,၁၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁၀၀ | ၃၂၀,၀၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်နိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးသည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအပေါ် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရင်းရင်းနှီးနှီးတွေ့ဆုံ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။





# ဒုတိယဝန်ကြီး ဦးလွင်ဦး IFRC ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် IFRC က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (MRCS) ၏ လုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး ကူညီပံ့ပိုးမှုအခြေအနေများနှင့် မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုအကူအညီ ပိုမိုပေးအပ်နိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ MRCS ဥက္ကဋ္ဌ ဒေါက်တာမျိုးညွှန့်၊ IFRC ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Nadia Khoury နှင့် IFRC နှင့် MRCS တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်

**ရွှေပြည်သာ မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိဒေါ်အေးအေးမိုးက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ပန်းချီဆရာ ဦးချိုဝင်း(ချိုပန်းချီ-ပညာရေး)က ဆက်လက်ပို့ချရာ ကျောင်းသားကျောင်းသူ ၄၉ ဦး တက်ရောက်ကြပြီး သင်တန်းကို ကိုးရက်ကြာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်စဉ်။

○ ရှေ့ဖုံးမှ

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော် ၁၁၈ ပါးနှင့် ဘွဲ့ခံသီလရှင် ဆရာကြီးနှစ်ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

## ကပ်လှူပူဇော်

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓ ရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော်ကြီးထံသို့လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့်အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများထံသို့ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။



❍ စာမျက်နှာ ၄ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးတို့ အမှူးပြုသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကောဝိဒထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီးတို့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကေသဝထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီးတို့ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဇနီးတို့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသူရိယထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)



ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး)

## ရန်ကင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုဆောင်ရွက်



**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့အမွေအနှစ်စာရင်းတွင် မြန်မာ့သနပ်ခါးပါဝင်နိုင်ရေး လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်လှလှထွေးက မြန်မာ့သနပ်ခါး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထင်ရှားလာအောင်ပြုလုပ်ရခြင်း ရည်ရွယ်ချက်များ၊ လူ့အဖွဲ့အစည်းတွင်သနပ်ခါး အရေးပါပုံ၊ မြန်မာ့သနပ်ခါးအသုံးပြုပုံနှင့် လိမ်းခြယ်ပုံ၊ သနပ်ခါးကို မြန်မာ့ရိုးရာတိုင်းရင်းဆေးအတွက်ပါ အသုံးပြုလာကြပုံနှင့် မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုကို မြန်မာမိန်းကလေးများ အမြဲတမ်း ထိန်းသိမ်းသင့်ကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားဆောင်ရွက်မှုအဖြစ် သနပ်ခါးလိမ်းခြယ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

* **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးသည် အဓိကအလေးပေးဆောင်ရွက်နေသည့် ဦးတည်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များနှင့်အညီ အထူးစီးပွားရေးဇုန်များကလည်း အလေးထားဆောင်ရွက်သွားကြရမည်**
* **ကမ္ဘာ့နိုင်ငံတိုင်းတွင် အထူးစီးပွားရေးဇုန်များနှင့် သီးသန့်ဇုန်များ ထားရှိကြကြောင်း၊ ထိုသို့ထားရှိကြရာတွင် နိုင်ငံများအလိုက် နည်းဥပဒေ၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ အလားတူ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်နိုင်ရန်အတွက် ဖြေလျှော့မှုများ၊ မက်လုံးပေးခြင်းများ၊ ဆွဲဆောင်စည်းရုံးမှုများကိုလည်း နိုင်ငံအလိုက် ဆောင်ရွက်ကြရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများတွင် ယင်းကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းထား**

✰ ကျောဖုံးမှ
ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် ၂၀၁၄ ခုနှစ်က ထုတ်ပြန်ထားသည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများကို အခြေခံပြီး ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိ ပထဝီနိုင်ငံရေးအခြေအနေအရ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးရှုထောင့်တစ်ခုတည်းမကြည့်ဘဲ နိုင်ငံရေးအနေဖြင့်လည်း ထည့်သွင်းစဉ်းစားသွားကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် သီလဝါအထူးစီးပွားရေးဇုန်၊ အနာဂတ်တွင် အကောင်အထည်ပေါ်လာမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်ပြီး နိုင်ငံရေးနှင့် ယှဉ်တွဲ၍ နိုင်ငံရေးနှင့် စီးပွားရေးပေါင်းစပ်ကာ ဆောင်ရွက်ကြရန် အဖွဲ့ဝင်များကို ပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ် အနက် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးသည် အဓိကအလေးပေးဆောင်ရွက်နေသည့် ဦးတည်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များနှင့်အညီ အထူးစီးပွားရေးဇုန်များကလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် အထူးစီးပွားရေးဇုန်များနှင့် သီးသန့်ဇုန်များ ထားရှိကြကြောင်း၊ ထိုသို့ထားရှိကြရာတွင် နိုင်ငံများအလိုက် နည်းဥပဒေ၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ အလားတူ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်နိုင်ရန်အတွက် ဖြေလျှော့မှုများ၊ မက်လုံးပေးခြင်းများ၊ ဆွဲဆောင်စည်းရုံးမှုများကိုလည်း နိုင်ငံအလိုက် ဆောင်ရွက်ကြရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများတွင် ယင်းကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

မိမိ၏ အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု၌ မိမိတို့ ရင်းနှီးမြှုပ်နှံမှု၏ ဦးတည်ချက်ဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် ပို့ကုန်တိုးမြှင့်နိုင်ရေးသည် အဓိကဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များသို့ ရင်းနှီးမြှုပ်နှံမှုများ စည်းရုံးဖိတ်ခေါ်ရာတွင် နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုအား ဦးစားပေးဖိတ်ခေါ်စေလိုကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ ပို့ကုန်သွင်းကုန်အပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၄၆၆ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၅၅၉ ဒသမ ၂၈၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏကို ကြည့်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၇၂၂ ဒသမ ၇၅ သန်းရှိခဲ့ကြောင်း၊ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများရှိ အထူးစီးပွားရေးဇုန်များနှင့် နှိုင်းယှဉ်ပါက အင်မတန်နည်းနေသေးကြောင်း၊ သို့ဖြစ်၍ သီလဝါအထူးစီးပွားရေးဇုန်၏ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဇုန်၏အခြေအနေ၊ ပတ်ဝန်းကျင်နိုင်ငံများရှိ အထူးစီးပွားရေးဇုန်များ၏ အခြေအနေများကို အမြဲတမ်းစိစစ်သုံးသပ်၍ မိမိအထူးစီးပွားရေးဇုန် ပိုမိုတိုးတက်လာအောင်၊ ပို့ကုန်နှင့်သွင်းကုန်များ၏ လိုငွေပြမှုကို အတတ်နိုင်ဆုံးနည်းပါးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလားတူအနာဂတ်တွင်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များတွင်လည်း ပို့ကုန်တိုးမြှင့်ရေးအတွက် ပို့ကုန်များကို ဦးစားပေးထုတ်လုပ်မည့်လုပ်ငန်းရှင်များကို ရွေးချယ်ဖိတ်ခေါ်ရန်လိုကြောင်း၊ လက်ရှိသီလဝါအထူးစီးပွားရေးဇုန်တွင် တင်သွင်းမှုနှင့်တင်ပို့မှုကို ကြည့်မည်ဆိုပါက တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများတွင် အများဆုံး လယ်ယာသုံးစက်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ရန် ကုန်ကြမ်းများ၊ ကားကုန်ကြမ်းအပိုပစ္စည်းများ၊ စည်သွတ်ဘူးထုတ်လုပ်ရန် ကုန်ကြမ်းများဖြစ်ကြောင်း၊ အလားတူ ပို့ကုန်များတွင် အများဆုံးသည် အဝတ်အထည်များ၊ ခွဲခန်းသုံးလက်အိတ်များ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ဆေးဝါးများနှင့် Speaker များဖြစ်ကြောင်း၊ တင်ပို့သည့်အပိုင်းတွင် ယခုထက် ပိုမိုတင်ပို့နိုင်အောင် စည်းရုံးတိုက်တွန်းရမည်ဖြစ်ပြီး သွင်းကုန်အပိုင်းတွင်လည်း တင်သွင်းလာသည့် ကုန်ပစ္စည်းများတွင် မိမိတို့၏ MSME လုပ်ငန်းက မည်မျှသွင်းကုန်အစားထိုးပေးနိုင်မည်ကို တစ်ဖက်ကလည်း MSME လုပ်ငန်းများနှင့် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်း MSME များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျော့ကျအောင်၊ ပြည်ပပို့ကုန်မြှင့်တင်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိ MSME လုပ်ငန်းမှ သွင်းကုန်အစားထိုးမည့် ကုန်ပစ္စည်းများ ပေးသွင်းရာတွင် ပစ္စည်းအရည်အသွေး အဆင့်အတန်း မြင့်မားရန်လည်း လိုကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်တွင် ကင်းလွတ်ဇုန် (Free Zone)နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်(Promotion Zone) ခွဲခြားသတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကင်းလွတ်ဇုန်(Free Zone)ရှိ လုပ်ငန်းများအနေဖြင့် နိုင်ငံခြားငွေကြေးဆိုင်ရာ အခက်အခဲများ မရှိသော်လည်း လုပ်ငန်းမြှင့်တင်ရေးဇုန် (Promotion Zone) တွင်ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အခြေအနေများအရ နိုင်ငံခြားငွေကြေးဆိုင်ရာ အခက်အခဲအချို့ရှိနေကြောင်း၊ ယင်းအခက်အခဲအချို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရှိရကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျရန်အတွက် သွင်းကုန်ကုန်ကြမ်းများစွာ သက်သာစေမည့် MSME ထုတ်ကုန်လုပ်ငန်းများမှ သွင်းကုန်များများအစားထိုးနိုင်ရန် ဝိုင်းဝန်းအကြံပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

MSME ထုတ်ကုန်လုပ်ငန်းများကို ချိတ်ဆက်ပေးပြီး အစားထိုးမှုရရှိသည့် ဝင်ငွေပိုင်းကို ကြည့်မည်ဆိုပါက ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၅၉၆ သန်းနှင့် မြန်မာကျပ်ငွေ ၅၁ ဘီလီယံကျော်ရရှိခဲ့ကြောင်း၊ ယင်းအပေါ် ကျေနပ်မနေဘဲ MSME နှင့်ပတ်သက်၍ တာဝန်ယူထားသည့် Agency အဖွဲ့များ၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ရှိသူများအနေဖြင့် ယခုထက်ပိုမို၍ နိုင်ငံတော်အကြီးအကဲ ချမှတ်ထားသည့် မူဝါဒနှင့်အညီ မိမိတို့၏ MSME ထုတ်ကုန်များကို အထူးစီးပွားရေးဇုန်များ၏ သွင်းကုန်အစားထိုးမှုအပိုင်းတွင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အလေးထားဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ အခွန်ကောက်ခံမှုနှင့် စပ်လျဉ်း၍ အခွန်ရရှိသည့်ငွေမှာ ကျပ် ၉၃၅ သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၉ ဘီလီယံကျော်၊ ကြိုတင်ဝင်ငွေခွန် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံနှင့် ဝင်ငွေခွန် ငွေကျပ် ၂ ဒသမ ၆၈ ဘီလီယံရှိသည်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း စာရင်းများအရ သိရှိရကြောင်း၊ One Stop Service ဆောင်ရွက်နေသည့် အဖွဲ့များသည် မိမိနိုင်ငံ၏ အကျိုးစီးပွား၊ မိမိ၏ အခွန်ဘဏ္ဍာ အပြည့်အဝကောက်ခံရရှိမှု၊ ကုမ္ပဏီများ၏ မသမာမှုများမဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှုအပေါ် မူတည်၍ ရရှိသည့်အခွန်အခဝင်ငွေများ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ချမှတ်ဆောင်ရွက်ရာတွင် MSME လုပ်ငန်းသည် အဓိကပါဝင်သကဲ့သို့ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန်အတွက် များစွာအထောက်အကူပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးကိုလည်း များစွာအထောက်အကူပြုနိုင်သည့် ဇုန်များဖြစ်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၏ အဓိကလိုအပ်ချက်သည် လျှပ်စစ်စွမ်းအားပြည့်ဝရရှိရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်တွင် မိမိအစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင် Solar Plant များဆောင်ရွက်ရန် အကြံပြုခဲ့ရာ မူလအစ စတင်ဆောင်ရွက်စဉ် ကီလိုဝပ် ရာဂဏန်းမျှသာရှိသော်လည်း အကျိုးဖြစ်ထွန်းသည့်အတွက် လိုက်ပါဆောင်ရွက်ခဲ့ကြရာ ယနေ့စာရင်းဇယားများအရ တပ်ဆင်ပြီးပါက ထုတ်လုပ်မှုစွမ်းအား ၁၆ မဂ္ဂါဝပ်ကျော်နီးပါး ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ တပ်မတော်တွင်လည်း ၂၀ မဂ္ဂါဝပ် Solar Plant အား တပ်ဆင်အသုံးပြုခဲ့ရာ အရင်းကျေကာလမှာ သုံးနှစ်ခွဲဖြစ်၍ မကြာမီ အရင်းကျေကာလရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တွက်ခြေကိုက်သည့်အပြင် ပိုလျှံသည့် လျှပ်စစ်ဓာတ်အားများအား နိုင်ငံတော်သို့ ပြန်လည်ရောင်းချနိုင်သည့်အတွက် သက်ဆိုင်ရာကုမ္ပဏီများ၊ လုပ်ငန်းရှင်များသို့ တာဝန်ရှိသူများက ရှင်းလင်းပြောကြားတိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နောင်အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်များတွင်လည်း တစ်ပိုင်တစ်နိုင် Solar Plant များ ဆောင်ရွက်နိုင်ရေး ထည့်သွင်းဆွေးနွေးကြရန်လိုကြောင်း။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးလိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာ ၅ ရက်တွင် ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ Concession Agreement ကိုဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် နေပြည်တော်တွင် စီမံကိန်းကုမ္ပဏီနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ လက်မှတ်ရေးထိုးခဲ့ပြီး Long Stop Date ကို သက်တမ်းတိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်တမ်းတိုးမြှင့်ထားသည့်ကာလသည် ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြည့်မြောက်မည်ဖြစ်သည့်အတွက် သတ်မှတ်ကာလမတိုင်မီ နှစ်လအလိုတွင် နှစ်ဦးနှစ်ဖက် လုပ်ငန်းများပြီးပြတ်အောင် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အခြားပါဝင်သည့် ကော်မတီများကလည်း လုပ်ငန်းများ အမြန်ဆုံးပြီးပြတ်အောင် ကန့်သတ်ချက်များကြားမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ပထဝီနိုင်ငံရေးအရ စီးပွားရေးနှင့် နိုင်ငံရေးအရ အရေးပါသည့်အပြင် နိုင်ငံအတွက် အရေးကြီးပြီး ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး Belt and Road စီမံကိန်းအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်ကြောင်း။

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုပါက ထားဝယ်အထူးစီးပွားရေးဇုန်အနေဖြင့် SPV (Special Purpose Vehicle) ဖျက်သိမ်းရေးနှင့်ပတ်သက်ပြီး မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ ညှိနှိုင်းဆွေးနွေးပြီး ပီပြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံများသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ အခွင့်အလမ်းများ များစွာဖော်ဆောင်နိုင်ခဲ့သည့်အတွက် မကြာမီတွင် အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာတော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအချိန်ကပင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများ စိတ်ချမ်းသာစွာဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ထားကြရန်လိုကြောင်း။

စာမျက်နှာ ၁၀ သို့ ✪

# ခိုင်မာသောယုံကြည်ချက်နှင့်အတူ

ပြည်စိုးညိမ်း

နှစ်နိုင်ငံ အရေးအတွက်
အလေးအနက် ဆွေးနွေးကာ၊
အကျိုးတူ လုပ်ငန်းများ
တိုးပွားဖို့ပါ၊
ကြွယ်ဝတဲ့ နည်းပညာ
မျှဝေကာ ဖြည့်ဆည်း။
ရွှေလမ်းမှာ ငွေလမ်းဆင့်လို့
လမ်းဖွင့်သည်တည်း။

မြန်မာနှင့် ရုရှားနိုင်ငံ၏ မိတ်ဆွေရင်းချာ ဆက်ဆံရေးမှာ ၁၉၄၈ ခုနှစ်ကတည်းကပင် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မြန်မာ-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြန်မာ-ရုရှား ဆက်ဆံရေးမှာ ၇၇ နှစ်ကိုပင် ကျော်လွန်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် နယ်မြေအကြီးမား အကျယ်ပြန့်ဆုံးနိုင်ငံတစ်ခုဖြစ်သလို ဩဇာအကြီးမားဆုံးနိုင်ငံတစ်ခုလည်းဖြစ်သည်။ လက်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တာဝန်ယူထားသည့်ကာလများအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ပိုမိုတိုးတက်ရောက်ရှိလာသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့ ဒေသစံတော်ချိန် ညနေပိုင်းမှစတင်၍ မော်စကိုမြို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေခြင်းဖြစ်သည်။

ခရီးစဉ်၏ ဒုတိယနေ့တွင် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ဖြင့် တစ်နေ့တာလုံး အချိန်ကို အကျိုးရှိစွာကုန်ဆုံးစေခဲ့သည်။



မတ်လ ၄ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ကရင်မလင်နန်းတော်၌ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

## ကရင်မလင်နန်းတော်သို့ ထွက်ခွာ

ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးရန် လုံခြုံရေးယာဉ်တန်းခြံရံထားသော အထူးယာဉ်တန်းဖြင့် ကရင်မလင်နန်းတော်သို့ ထွက်ခွာခဲ့သည်။

ကရင်မလင်သည် ကမ္ဘာပေါ်တွင် ထင်ရှားသော အရပ်ဌာနေတစ်ခုဖြစ်သည်။ နိုင်ငံတော်အာဏာ အရပ်ရပ်တို့တည်ရာအဖြစ် အမေရိကန်၌ “အိမ်ဖြူတော်” အား နာမ်စားသုံးစွဲသကဲ့သို့ ရုရှားနိုင်ငံအတွက် “ကရင်မလင်” ကို ကိုယ်စားပြုသုံးစွဲလေ့ရှိသည်။

ကရင်မလင်မှာ မော်စကိုမြို့ကိုရည်ညွှန်းပြီး မြို့တော်ကြီးဟု အဓိပ္ပာယ်ရသည်။ မော်စကိုမှာ သမိုင်းဝင်မြို့တစ်မြို့ဖြစ်၍ မြို့ဟောင်းနေရာမှာ ၁၈၁၂ ခုနှစ်က နပိုလီယံတပ်များ ဝင်ရောက်ဖျက်ဆီးရာမှ ကြွင်းကျန်ခဲ့ခြင်းဖြစ်သည်။ ကရင်မလင်ရပ်ကွက်တွင် ရှေးဘုရင်တို့၏ နန်းတော်ဆောင်များနှင့် ရွှေရောင်ပေါင်းမိုးဘုံအဆင့်များ တပ်ဆင်ထားသည့် ၁၅ ရာစု၊ ၁၆ ရာစု ဗိသုကာလက်ရာ ဝတ်ကျောင်းကြီးများရှိသည်။

ကရင်မလင်နှင့်တွဲလျက်တည်ရှိသော ရင်ပြင်နီ (Red Square) ကို မော်စကို၏ အသည်းနှလုံးဟုပင် တင်စားခေါ်ဝေါ်ကြသည်။ ရာဇဝင်တွင်မည့် ကြီးမားသောအဖြစ်အပျက်ကြီးများ၊ သမိုင်းအလှည့်အပြောင်းများမှာ သည်ရင်ပြင်နီပေါ်တွင် ဖြတ်သန်းစီးဆင်းခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက အိမ်ရှင်၏ ကြိုလင့်မှုဖြင့် စောင့်စား၍ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံနှုတ်ဆက်မှုမှာ ဖက်လဲတကင်းရှိလှသည်။ ရင်းချာသောအသွင်ရှိ၍ လေးနက်သောအဓိပ္ပာယ်ကိုဆောင်သည်။ တစ်ခဏသော လက်ဆွဲနှုတ်ဆက်မှုတွင် အဓိပ္ပာယ်များစွာပါ၍ ခေါင်းဆောင်နှစ်ဦး၏အပြုံးမှာ အသက်ဝင်လွန်းလှသည်။ စီမံခန့်ခွဲနေရသည့် ခေါင်းဆောင်နှစ်ဦး၏ ယုံကြည်ချက်၊ ခံယူချက်နှင့် ကြိုးပမ်းချက်များကို တင်းတင်းဆွဲကိုင်လိုက်ကြသော လက်အစုံတွင် တွေ့မြင်နိုင်သည်။

အိမ်ရှင်နှင့် ဧည့်ကောင်းဆောင်ကောင်း ခေါင်းဆောင်နှစ်ဦးတို့၏ သီးခြားတွေ့ဆုံဆွေးနွေးမှုသည် မကြာမီကာလတွင် စတင်တော့မည်ဖြစ်သည်။

အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်၏ ကနဦးစကားတွင် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ယခုခရီးစဉ်မှသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် စသည်။ ဆက်လက်ပြောကြားမှုတွင် မြန်မာနိုင်ငံအပေါ် ရုရှားနိုင်ငံ၏ သဘောထားနှင့် အလေးအနက်ထားမှုက ကျေနပ်ဖွယ်ကောင်းလှသည်။

ယခုခရီးစဉ်အတွင်းမှာပင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဟု ဆိုသည်။ အရာရာသည် ကြောင်းကျိုးဆက်နွှယ်မှုမှကင်း၍ မဖြစ်စကောင်း။ အကြောင်းရှိ၍ အကျိုးထင်ရခြင်းပင်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၏ ရလဒ်ကောင်းများမှာ သိသိသာသာ မြင့်တက်နေပြီဖြစ်သည်။ အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်က နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာ ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ ရုရှားနှင့် မြန်မာမှာ နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆက်လက်ညွှန်းဆိုသည်။

## မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံတစ်နိုင်ငံဖြစ်

နိုင်ငံတော်အကြီးအကဲကလည်း အပြန်အလှန်ကျေးဇူးတုံ့ပြန်စကားဖြင့်စသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကာလကို ညွှန်းဆိုရင်း ထူးခြားသည့်သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးအဖြစ် ဂုဏ်ပြုစကားဆိုသည်။ ရုရှားနိုင်ငံမှာ ခရီးဝေးကွာသော်လည်း မြန်မာနိုင်ငံအတွက် ချစ်ကြည်ရင်းနှီးသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းကို အလေးအနက်စကားဆိုသည်။ ယခုတွေ့ဆုံမှုမှာ နိုင်ငံ့ခေါင်းဆောင်နှစ်ဦးအတွက် ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်းက (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ကောင်းမွန်သောရလဒ်ကောင်းများ ထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီးလည်းဖြစ်သည်။

ဆက်လက်၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ကဏ္ဍပေါင်းစုံဟူသော အသုံးအနှုန်းက ကျယ်ပြန့်လှသည်။ ကဏ္ဍတစ်ခုတည်း၊ အနည်းငယ်မျှသောကဏ္ဍ၊ ကဏ္ဍအချို့ စသည့်ကန့်သတ်ချက်မပါ။ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များတွင် ကဏ္ဍပေါင်းစုံဟု သုံးနှုန်းသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး အစချီသည့် ကဏ္ဍနယ်ပယ်က မနည်းလှ။ တစ်ပွင့်တည်းသောပန်းအတွက် ရည်ရွယ်၍ ဆွေးနွေးနေကြခြင်းမဟုတ်။ ပန်းပေါင်းစုံသော ပန်းခင်းကြီးအဖြစ် ရည်ရွယ်ရှုမြင်သည်ဟု ဆိုနိုင်သည်။

ဆွေးနွေးမှုသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အရင်းတည်၍ တိုးတက်ခြင်းဟူသော အပြုသဘောကိုဆောင်သည့်ဘက်သို့ လှမ်းသည်။ နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံအတွက် ရလိုက်သည့် အကျိုးရလဒ်ကားမနည်းလှ။

ထို့နောက် နိုင်ငံ့ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်အကြီးအကဲနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊

**စာမျက်နှာ ၉ သို့** ✪

> **“ စွမ်းအင်အခန်းကဏ္ဍအတွက် အရေးကြီးဆုံးသော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်မှုမှာ မြန်မာနိုင်ငံတွင် အသေးစား အဏုမြူဓာတ်အားပေးစက်ရုံဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ဓာတ်အား ပေါပေါများများပေးနိုင်တော့မည့် အစီအစဉ်ပင်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားနှင့်ဆက်စပ်၍ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရပ်ပိုင်းဆိုင်ရာများ အထိပါ လွှမ်းခြုံအကျိုးပြုစေနိုင်မှာ အသေအချာပင်ဖြစ်သည်။ အခြားသောစက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်များတွင်လည်း ပူးတွဲစီမံကိန်းတစ်ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိ ”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မတ်လ ၄ ရက်က မီဒီယာများအား နှစ်နိုင်ငံ ပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားစဉ်။

❂ စာမျက်နှာ ၈ မှ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြည်ပဆက်ဆံရေးလက်ထောက် အရာရှိ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ အခြားပူးပေါင်းဆောင်ရွက်နိုင်သည့်ကဏ္ဍများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ သက်ဆိုင်ရာဝန်ကြီးများ၏ ဆွေးနွေးမှုများအပေါ် နိုင်ငံတော်အကြီးအကဲနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က ထပ်မံဖြည့်စွက်ဆွေးနွေးပေးသည်။

**အဓိပ္ပာယ်ပြည့်ဝလေးနက်စေခဲ့**

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့် လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့် အားပေးထောက်ခံရပ်တည်မှုများမှာ သမနိုင်ရည်ကြာခဲ့ပြီဖြစ်သည့် နှစ်နိုင်ငံဆက်ဆံရေး၏ အနှစ်သာရကို ထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝလေးနက်စေခဲ့သည်။

တစ်ဆက်တည်းမှာပင် နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်သည်။

နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်း သတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း စာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရာတွင် ချူကလီးယားနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းမှုအောင်မြင်စွာ ပြီးမြောက်ခြင်းနှင့် စပ်လျဉ်းသည့် ပူးတွဲကြေညာချက်တို့ပင်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် နိုင်ငံ့ခေါင်းဆောင်နှစ်ဦးတို့၏ ရှေ့မှောက်တွင် အသီးသီးလက်မှတ်ရေးထိုး၍ လဲလှယ်ခဲ့ကြသည်။

လေးစားထိုက်သော လုပ်ငန်းမှန်သမျှတွင် ဖြတ်လမ်းဟူ၍မရှိ။ အဆင့်ဆင့်ဆောင်ရွက်ရသည် သာဖြစ်၏။ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှု ကနဦးရလဒ်အဖြစ် နှစ်နိုင်ငံပူးတွဲကြေညာချက်များကို မီဒီယာများသို့ အပြန်အလှန် ပြောကြားခဲ့သည်။ တစ်နည်းအားဖြင့် အတူယှဉ်တွဲ စဉ်မြဲချစ်ကြင်စွာရှိနေကြသည့် နိုင်ငံနှစ်နိုင်ငံမှ ကမ္ဘာကြီးသို့ သတင်းစကားပါးလိုက်ခြင်းဟုလည်း ဆိုနိုင်မည်ထင်သည်။

အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်က သတင်းမီဒီယာသမားများရှေ့မှောက်တွင် နိုင်ငံတော်အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်ကို ကြိုဆိုကြောင်းနှင့် နှစ်နိုင်ငံအကြား ယုံကြည်စိတ်ချရသည့် ဆက်ဆံရေးရှိကြောင်း အတိအလင်းဆိုသည်။ ဆက်လက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အဓိကထားဆွေးနွေးသွားသည်။

၁၉၄၈ ခုနှစ်မှစပြီး ရုရှားနိုင်ငံသည် မြန်မာနိုင်ငံလွတ်လပ်ရေးကို ပထမဆုံးအသိအမှတ်ပြုခဲ့ကြောင်း၊ ပညာရှင်များ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်တွင် အရေးကြီးသည့်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ယခုလက်ရှိတွင်လည်း ရုရှားနိုင်ငံက မြန်မာ့စက်မှုစီးပွားရေး အခန်းကဏ္ဍများတွင် အကူအညီပေးလျက်ရှိကြောင်း၊ ပြည်တွင်းရေးအခြေအနေကိစ္စရပ်များ ကောင်းမွန်စေရန်အတွက်လည်း ထောက်ခံအားပေးနေကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သည့်နှစ်မှစ၍ ၄၀ ရာခိုင်နှုန်းခန့်တိုးမြှင့်ခဲ့သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြင့်မားတိုးတက်လာပုံကို မီးမောင်းထိုးပြသည်။ အပြန်အလှန် ကုန်သွယ်ရေးတိုးတက်မြင့်မားစေရန် အဆင်သင့်ရှိနေကြောင်း လမ်းဖွင့်ပြောဆိုသည်။

ဆိုခဲ့သလိုပင် မြေပြင်၌လည်း နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကော်မရှင်က တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေသည်မှာ လက်တွေ့သာဓကတစ်ရပ်ဖြစ်၏။ မကြာသေးခင်ကပင် ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပနိုင်ခဲ့သည်။

**အသေးစားအဏုမြူဓာတ်အားပေးစက်ရုံ ဆောက်လုပ်ရေးအတွက် သဘောတူညီ**

စွမ်းအင်အခန်းကဏ္ဍအတွက် အရေးကြီးဆုံးသော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်မှုမှာ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူဓာတ်အားပေးစက်ရုံဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ဓာတ်အား ပေါပေါများများပေးနိုင်တော့မည့်အစီအစဉ်ပင်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားနှင့်ဆက်စပ်၍ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရပ်ပိုင်းဆိုင်ရာများအထိပါ လွှမ်းခြုံအကျိုးပြုစေနိုင်မှာ အသေအချာပင်ဖြစ်သည်။ အခြားသောစက်မှုနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်များတွင်လည်း ပူးတွဲစီမံကိန်းတစ်ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ရုရှားနိုင်ငံ၏ အာကာသနယ်ပယ်အောင်မြင်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံကို ကူညီနိုင်မည့်အခန်းကဏ္ဍ၊ ယဉ်ကျေးမှုနယ်ပယ်နှင့် လူသားချင်းစာနာမှုနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်မည့်အကြောင်း ပြောသည်။ နိုင်ငံ့ခေါင်းဆောင်တို့သည် အပြန်အလှန် ဘာသာရေးဆိုင်ရာဌာနများ ခွင့်ပြုစေခြင်းဖြင့် သဘောထားကြီးမြင့်မှုနှင့် နှလုံးရည်ထက်မြက်မှုကို ပြသသည်။

မိမိတို့နိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည့်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်သည့် ပေါင်းဖက်ဆက်ဆံရေးကိုသာ ရှေးရှုသောနိုင်ငံဖြစ်သည်။ အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်က နိုင်ငံတကာပြဿနာအများစုနှင့်ပတ်သက်၍ ရုရှား-မြန်မာ ရပ်တည်ချက်များ ကိုက်ညီကြောင်း ဆိုသည်။ သူ့အနေဖြင့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အသီးသီးတွင် ဆတက်ထမ်းပိုးတိုးတက်လာမည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ကြောင်း ပြောဆိုသွားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ တည်ငြိမ်သည့်အပြောတွင် ရည်မှန်းချက်ပါသည်ကို သတိပြုမိသည်။

နိုင်ငံတော်အကြီးအကဲက ရုရှားနိုင်ငံမှာ အရေးပါပြီး ယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်သဖြင့် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ လေးစားမှုများနှင့် အခြေခံတည်ဆောက်ထားသည့် နှစ်နိုင်ငံဆက်ဆံရေးကို အထူးတန်ဖိုးထားပါကြောင်း မီဒီယာများရှေ့မှောက်တွင် အလေးအနက်ထားပြောသည်။ အကြီးအကဲက နှစ်နိုင်ငံအကြား ၇၇ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုနက်ရှိုင်းလာသည့်နည်းတူ နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်တိုးတက်လျက်ရှိသည်ကို ညွှန်းဆိုခြင်းဖြစ်သည်။

**အကျိုးတူကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်တိုးမြှင့်နိုင်တော့မည်**

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးနှင့် နှစ်နိုင်ငံ၏ နိုင်ငံတကာအခြေအနေအရပ်ရပ်အပေါ် ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ခဲ့မှုကိုလည်း မမေ့မကျန်စကားဆိုသည်။ ထို့အတူ ရုရှားနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတို့နှင့် တွေ့ဆုံဆွေးနွေး၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေးတို့အတွက် အခြေအနေကောင်းများကိုလည်း ပြောကြားသည်။ အကြီးအကဲညွှန်းဆိုသကဲ့သို့ပင် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံများပီပီ နှစ်ဖက်ယုံကြည်စိတ်ချစွာ ဆွေးနွေးနိုင်မှုများကြောင့် သဘောတူညီချက် ၁၀ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ခရီးစဉ်အတွင်းမှာပင် စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တွင် မြန်မာကောင်စစ်ဝန်ရုံးများကို တရားဝင်ဖွင့်လှစ်သွားမည်ဖြစ်သည်။ သို့အတွက် နှစ်နိုင်ငံအကြား ဆွေးနွေးဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍတို့အပါအဝင် အကျိုးတူကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် ရရှိပြီးဖြစ်သော အခြေအနေကောင်းများကို ဆက်လက်သယ်ဆောင်၍ အရှိန်အဟုန် တိုးမြှင့်နိုင်တော့မည်ဖြစ်သည်။

ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ကြောင်းနှင့် နောင်အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာမျက်နှာစာတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လေးနက်တည်ကြည်စွာ ထပ်လောင်းပြောကြားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးအား အခါအခွင့်သင့်သည့်အခါတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်နိုင်ရန် အပြန်အလှန်ဖိတ်မန္တကပြုခြင်းအားဖြင့် နှစ်နိုင်ငံ ပူးတွဲကြေညာခြင်းအစီအစဉ်ကို လှပစွာအနားသတ်လိုက်လေသည်။

ပြင်ပရှိ ဩကာသလောကဓာတ်တစ်ခွင်၌ နေ့တစ်နေ့ ကုန်ဆုံးတော့မည်ဖြစ်သော်လည်း နိုင်ငံ့ခေါင်းဆောင်များ၏ သတင်းစကားကို စောင့်မျှော်နေကြသော သက်ဆိုင်ရာပြည်သူတို့၏ ရင်တွင်းကိုယ်စီ၌မူ ပိုမိုအားကောင်းသော မျှော်လင့်ချက်ရောင်စဉ်တန်းများဖြင့် လင်းလက်တောက်ပနေကြလိမ့်မည်ဟု....။ ။



# အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ပထမနေ့တွင် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

နေပြည်တော် မတ် ၁၁

အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာပထမနေ့တွင် သာသနာ့နွယ်ဝင်သီလရှင် အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီက စစ်ကိုင်းတောင်ရိုးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၌ ကျင်းပသည်။

**မေတ္တာပို့အမျှပေးဝေ**

ဦးစွာ စစ်ကိုင်းတောင်ရိုးတွင် ဝိပဿနာတရားများ ပွားများအားထုတ်လျက်ရှိကြသည့် သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီး/ဆရာလေးများက ကျောင်းတိုက်များအလိုက် စနစ်တကျစီတန်း၍ အလှူခံကြွကြရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပမှ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်လောင်းလှူကြသည်။ ထို့နောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရနှင့် အလှူခံကြွရောက်လာကြသည့် ဆရာကြီး/ဆရာလေးများက ကောင်းမှုကုသိုလ်များအတွက် မေတ္တာပို့အမျှပေးဝေကြသည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပမှ စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော်အိတ် ၁၀၀၀၊ ဆီပိဿာ ၂၀၀၀၊ ပဲတစ်ပြည်ဝင်အိတ် ၁၀၀၀ နှင့် လှူဖွယ်ပစ္စည်းများကို စစ်ကိုင်းတောင်ရိုးရှိ သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီး/ဆရာလေးများအား လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❂ စာမျက်နှာ ၇ မှ

ထိုသို့ ဆောင်ရွက်ရာတွင် အီတာလျှံ-ထိုင်း ဆောင်ရွက်သည့် ကိစ္စများ ပြီးမြောက်သွားသော်လည်း ဥပဒေကြောင်းအရ ဆက်လက် ရှင်းလင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဖြင့် သက်ဆိုင်ရာ ဥပဒေပညာရှင်များဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လာရောက် ရင်းနှီးမြှုပ်နှံသူအပါအဝင် သုံးဦးသုံးဖလှယ် Win- Win Situation ဖြစ်ရန် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ဆက်လက်၍ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြုလုပ်သည့် ဒုတိယအကြိမ် အစည်းအဝေးဖြစ်သည့်အတွက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပေးရန်၊ အထူးစီးပွားရေးဇုန်အလိုက် ဖြစ်ပေါ်တိုးတက်မှုများနှင့် ရှေ့လာမည့်ကာလများတွင် ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီများက တင်ပြပေးရန်နှင့် ဇုန်အလိုက် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားမှသာ အချိန်မရွေးလာရောက်ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းများ အခက်အခဲမရှိ ချိတ်ဆက်ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များကလည်း အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး(၁) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာအထူးစီးပွားရေးဇုန်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အတွင်းရေးမှူး(၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မြန်မာအထူးစီးပွားရေးဇုန်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## တစ်နိုင်ငံလုံး ပီတိဖုံး

☆ ရုရှားနှင့် မြန်မာ
မြန်မာနှင့် ဘယ်လာရုစ်
ချစ်ကြည်မှု ဖော်ညွှန်းကာ၊
☆ နှုတ်ခွန်းချိုချိုနဲ့
ကြိုဆိုကာ ရွှင်ကြည်လန်းလို့
ဝမ်းပန်းတသာ၊
☆ အရေးထားတာမို့
တလေးတစား ဆက်ဆံကာ
ထက်သန်စွာ ဆွေးနွေး။
☆ အဆွေခေါင်းဆောင်တို့
အရှည်ကောင်းအောင် ဗျူဟာခင်း
ပွင့်လင်းတယ်လေး။
☆ ခိုင်သန်အတွေးရယ်နဲ့
နိုင်ငံရေး စစ်ရေး
လူမှုရေး စီးပွားရေး
ဖွံ့ဖြိုးရေး အထွေထွေ၊
☆ ခရီးတွင်ပါပေ့
နည်းပညာ လက်ဆင့်ကမ်းလို့
လမ်းပြမျှဝေ၊
☆ အဟောဝတပါပဲ
သဘောကျ အချက်အလက်တွေ
ကျက်သရေရှိ ဝင့်မြူး။
☆ မင်္ဂလာ ရွှေခရီးမှာလ
ရွှေအသီး ရွှေအနှံနဲ့
ရွှေတွေလျှံ ရွှေရောင်လွှမ်းတယ်
ရွှေလမ်းဖြောင့်ဖြူး။
☆ ရွှေလမ်းဖောက်ပါလို့
ရွှေလမ်းလျှောက် ပြန်အလာ၊
တို့နိုင်ငံ ခေါင်းဆောင်ကြီးရဲ့
ခရီးက သာ၊
သောင်းသောင်းဖြ ကြိုဆိုကာ
ဘေးဝဲယာ တစ်လျှောက်လုံး။
ထောမနာလျှံ
ဩဘာသံ ဘဝင်ထိ
ပီတိတွေဖုံး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားတက်ရောက်

နေပြည်တော် မတ် ၁၁

၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)နှင့် မူပိုင်ခွင့်ဦးစီးဌာန(ရုံးချုပ်)တို့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်စားသုံးသူရေးရာ ကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပြောကြား

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ကမ္ဘာ့နိုင်ငံများတွင် အလေးထားကျင်းပလျက်ရှိကြပြီး ယခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့၏ ဆောင်ပုဒ်မှာ "လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဖြစ်ပြီး ကမ္ဘာ့စားသုံးသူသမဂ္ဂက ရွေးချယ်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူအခွင့်အရေးများကို သိရှိမှသာ မိမိတို့ရရှိမည့် အခွင့်အရေးများကို သိရှိတောင်းဆိုနိုင်မည်ဖြစ်ကြောင်း၊



စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်တွင် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်နှင့် စိတ်ကျေနပ်မှု ရရှိစေရေးအတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းပေးနိုင်စေရန် စားသုံးသူရေးရာဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် လူနေမှုဘဝအစဉ်တည်တံ့စေရန်အတွက် မျှတသော အသွင်ကူးပြောင်းရာတွင် ပါဝင်သူအားလုံး အခွင့်အရေး တန်းတူညီမျှ ရရှိစေရန်နှင့် အကျိုးကျေးဇူးခံစားနိုင်ရန် ဆောင်ပုဒ်နှင့်အညီ စားသုံးသူပြည်သူများအားလုံး အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ဆိုင်ရာများကိုလည်းကောင်း၊ မူပိုင်ခွင့်ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက် ညွှန်ကြားရေးမှူးက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့် ကုန်အညွှန်းအမှတ်အသားဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှု Video Clip ပြသပြီး စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက ဂုဏ်ပြုသီချင်းဖြင့် တေးသရုပ်ဖော်အက၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ခေါင်းစဉ်ဖြင့် သရုပ်ဖော်အကများဖြင့် တင်ဆက်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော် စားသုံးသူရေးရာဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ နေပြည်တော်ဒေသထွက် MSME ထုတ်ကုန်များတွင် FDA ထောက်ခံချက်နှင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြမှုစိစစ်ထားသော ကုန်စည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ပုသိမ် မတ် ၁၁

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စားသုံးသူများ၏ အခွင့်အရေးနှင့် လိုအပ်ချက်များအကြောင်းကို ကမ္ဘာလုံးဆိုင်ရာ အသိပညာပေးသည့်နေ့အား အထိမ်းအမှတ်ပြုသည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ဖြစ်ကြောင်း၊ နှစ်စဉ် မတ်လ ၁၅ ရက်ရောက်တိုင်း စားသုံးသူများ၏ အခွင့်အလမ်းများကို ဂရုပြုကာ အလေးထားမြှင့်တင်သည့်အနေဖြင့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့ကဦးဆောင်၍ နှစ်စဉ်နှစ်တိုင်း ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စားသုံးသူတိုင်းသည် ကောင်းမွန်ရှင်သန်သော ပတ်ဝန်းကျင်ကို ရရှိခံစားပိုင်ခွင့် အပြည့်အဝရှိကြောင်း၊ လူသားတိုင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော ကောင်းမွန်ရှင်သန်သော ပတ်ဝန်းကျင်ကောင်းအား ရရှိခံစားနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်၊ စားသုံးသူနှင့် အစိုးရတို့ပါမကျန် ပူးပေါင်း၍ လူ့ဘောင်လောက ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်မြဲရေးတို့ကို အတူတကွ ရှိလာအောင် မျှတသော ကူးပြောင်းမှုများ စတင်ဆောင်ရွက်ရန် လိုအပ်လာပြီ ဖြစ်ကြောင်းကို "လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့"ဟူသော ဆောင်ပုဒ်ဖြင့် အသိပေးပြောကြားလိုကြောင်းနှင့် ယနေ့ကျင်းပသည့် ကမ္ဘာ့ စားသုံးသူများနေ့အား ဂုဏ်ပြုကြိုဆိုကြောင်း အမှာစကားပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ်ပြသသည့် ဗီဒီယိုအား ကြည့်ရှုအားပေးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီ အတွင်းရေးမှူးက စားသုံးသူရေးရာ ဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အခမ်းအနားသို့ ကြွရောက်လာသော ဧည့်ပရိသတ်များအား စားသုံးသူ တိုင်ကြားမှုအတွက် သရုပ်ပြစေ့စပ်ညှိနှိုင်းမှုဖြင့် သရုပ်ဖော်ပြသခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် စားသုံးသူအခွင့်အရေးဆိုင်ရာ ပြသထားရှိမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ပြုလုပ်ရာ ဧည့်ပရိသတ်များအား တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အတွင်းရေးမှူးက သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ် တည်ရှိနိုင်ရေး ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ဉာဏ်စမ်းမေးခွန်းများ မေးကာ ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်

ပဲခူး မတ် ၁၁

၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ကမ္ဘာကြီးတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အကျပ်အတည်းများနှင့် ပြောင်းလဲမှုများကြောင့် စားသုံးသူများ၏ အခွင့်အရေးများကို ပိုမိုကာကွယ်ရန် လိုအပ်လာကြောင်း၊ စားသုံးသူကာကွယ်ရေး လုပ်ငန်းသည် စားသုံးသူများအပေါ် ကာကွယ်စောင့်ရှောက်ပေးနေသည့်အပြင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသည့် ကုန်စည်များကို ထုတ်လုပ်တင်ပို့ရောင်းချနိုင်သော အခွင့်အလမ်းများ ရရှိစေရန်အတွက် ဖော်ဆောင်ပေးရခြင်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆောင်ပုဒ်ဖြစ်သည့် "လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဆိုသည့်အတိုင်း စားသုံးသူများ၏ ပိုမိုကောင်းမွန်သော အကာအကွယ်နှင့် စွမ်းဆောင်နိုင်မှုတို့အပြင် ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်မှု၊ ကောင်းမွန်သော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်ကောင်းများ ရရှိစေရေး ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများ ပူးပေါင်း၍ ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဝင်းက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပနိုင်ခဲ့မှုနှင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အပြည်အပြည်ဆိုင်ရာစားသုံးသူများ



အဖွဲ့က သတ်မှတ်ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များသည် ကျောင်းသားကျောင်းသူများနှင့်အတူ ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် Video Click အား ကြည့်ရှုခဲ့ကြသည်။ ယင်းနောက် ပြခန်းအတွင်း ပြသထားသည့် စားသုံးသူအခွင့်အရေးဆိုင်ရာ အသိပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**







## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၁၁**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးလောင်မှုအခြေခံသဘောတရားများ၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ မီးငြိမ်းသတ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အုပ်ချုပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ လက်ထောက်အတွင်းဝန်က ဝန်ကြီးဌာန၏ မီးဘေးလုံခြုံရေးစီမံချက်ပါ သာမန်အချိန်၊ မီးလောင်မှုဖြစ်ပေါ်ချိန်နှင့် မီးလောင်ကျွမ်းပြီးချိန်တို့တွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးငြိမ်းသတ်ခြင်းအား သရုပ်ပြရှင်းလင်းကာ ဝန်ထမ်းများက လက်တွေ့ပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်ကော်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**လှိုင်ကော် မတ် ၁၁**

ကယားပြည်နယ် လှိုင်ကော်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Right Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ် စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက ကမ္ဘာပေါ်ရှိ လူသားအားလုံးသည်စားသုံးသူများဖြစ်ပြီး စားသုံးသူအားလုံးသည်လည်း စားသုံးသူအခွင့်အရေးကို ပြည့်ပြည့်ဝဝရရှိခံစားရမည်ဖြစ်ကြောင်း၊ စားသုံးသူများ၏ အကျိုးစီးပွားကို ပိုမိုအာရုံစိုက်မိလာရန်နှင့် စားသုံးသူများ၏အခွင့်အရေးကို လိုက်နာအကောင်အထည် ဖော်နိုင်စေရန်အတွက် ရည်ရွယ်ပြီး မတ် ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားများကို ယနေ့ကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့၏ ဆောင်ပုဒ်မှာ လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့ (A Just Transition To Sustainable Lifestyles) ဖြစ်ကြောင်း၊ စားသုံးသူများသည် ကမ္ဘာ့အင်အားအကြီးဆုံး အုပ်စုတစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသော၊ အားကောင်းသော လူသားအရင်းအမြစ်များ ဖြစ်ကြောင်း၊ စားသုံးသူအခွင့်အရေးနှင့် အဓိကသက်ဆိုင်မှုရှိသော SDG ပန်းတိုင်များ၏ ရည်မှန်းချက်များ ပြည့်မီအောင်မြင်စေရန် စားသုံးသူ အခွင့်အရေးများကို အားကောင်းစေပြီး လူနေမှုဘဝ အစဉ်တည်တံ့နိုင်ရေး အတွက် အစိုးရ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူများ ပူးပေါင်း၍ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေဘဲ မျှတအသွင်ကူးပြောင်းနိုင်ရေး အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။



ထို့နောက် စားသုံးသူကာကွယ်ရေးဆိုင်ရာ Video Clip ကို ပြသခဲ့ပြီး စားသုံးသူရေးရာ ကော်မတီအတွင်းရေးမှူး ခေတ္တပြည်နယ်ဦးစီးမှူး ဦးမိုးညွန့်ဦးက စားသုံးသူကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ



**ရန်ကုန် မတ် ၁၁**

ဆေးဝါးတက္ကသိုလ်(ရန်ကုန်)၏ (၂၃)ကြိမ်မြောက်၊ (၂၄)ကြိမ်မြောက်နှင့် (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ၏ ဘွဲ့နှင်းသဘင်အခမ်းအနားမှ ဆေးဝါးသိပ္ပံဘွဲ့ရ ၁၅၂ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ရ ၂၁ ဦးနှင့် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ရ ငါးဦးတို့ကို သက်ဆိုင်ရာဘွဲ့များ ချီးမြှင့်အပ်နှင်းနိုင်ခဲ့ကြောင်း သိရသည်။

**စင်မြင့်ပေါ်တွင် နေရာယူ**

ဦးစွာ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ လတ်လတ်ဝင်းနှင့် ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေး အဖွဲ့ဝင်များက သက်ဆိုင်ရာဝတ်ရုံများ ဝတ်ဆင်လျက် ဘွဲ့နှင်းသဘင် စင်မြင့်ပေါ်တွင် နေရာယူကြသည်။

ထို့နောက် ဘွဲ့ရကျောင်းသားကျောင်းသူများက အဓိဋ္ဌာန်ပြုကတိသစ္စာ ရွတ်ဆိုကြပြီး ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်က ဆေးဝါးသိပ္ပံပါရဂူဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးသိပ္ပံဘွဲ့ ရရှိကြသူ ကျောင်းသားကျောင်းသူများအား သက်ဆိုင်ရာဘွဲ့လက်မှတ်များ အပ်နှင်းပေးကာ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆေးဝါးတက္ကသိုလ် (ရန်ကုန်)မှ ဆေးဝါးသိပ္ပံဘွဲ့ရ ၂၇၆၅ ဦး၊ ဆေးဝါး မဟာသိပ္ပံဘွဲ့ရ ၁၄၁ ဦးနှင့် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ရ ၁၈ ဦးကို သင်ကြားမွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၉ ဒသမ ၄၄ ဘီလီယံရှိလာ

**ဖနောင်ပင် မတ် ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုပမာဏသည် ယခုနှစ် ပထမနှစ်လအတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၄ ဘီလီယံရှိလာခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၁၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း ယနေ့ထုတ်ပြန်သည့် မှတ်တမ်းအရ သိရသည်။



ယခုနှစ် ပထမနှစ်လအတွင်း ပြည်ပပို့ကုန်တန်ဖိုးသည် ကန်ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံရှိလာခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၁၁ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကာ သွင်းကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၄ ဒသမ ၉၈ ဘီလီယံရှိလာခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကာ ၎င်း၏နောက်တွင် အမေရိကန်၊ ဗီယက်နမ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့ တည်ရှိနေသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်များမှာ အဝတ်အထည်၊ ဖိနပ်နှင့် ခရီးသွားထုတ်ကုန်၊ စက်ဘီး၊ တာယာ၊ ဆိုလာပြား၊ ရော်ဘာခြောက်၊ ကြိတ်ခွဲပြီးဆန်၊ ငှက်ပျောသီး၊ သီဟိုဠ်စေ့နှင့် ကွမ်းသီးများဖြစ်ကာ သွင်းကုန်များမှာ အဝတ်အထည်၊ ဖိနပ်နှင့် ခရီးသွားထုတ်ကုန်၊ ရေနံ၊ ဆောက်လုပ်ရေးပစ္စည်း၊ ဖုန်း၊ ဆိုင်ကယ်နှင့် လူသုံးကုန်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်နှင့် ကမ္ဘောဒီးယားနှင့် တရုတ်၊ တောင်ကိုရီးယားနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့အကြား ချုပ်ဆိုခဲ့သည့် လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များသည် ကမ္ဘောဒီးယားနိုင်ငံ၏ ရေရှည် ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် အကူအညီပေးနေကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်များသည် တရုတ်နိုင်ငံနှင့် ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်ဝင်ရောက်ပြီး တင်ပို့မှုများမြင့်တက်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများကို တိုက်ခိုက်ပါက ပင်လယ်ကွေ့ဒေသရှိ နိုင်ငံများအတွက်သုံးစွဲရန် ရေရရှိမည်မဟုတ်ဟု ကာတာပြောကြား

**တီဟီရန် မတ် ၁၁**

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများကို အမေရိကန်က တိုက်ခိုက်ပါက ပင်လယ်ကွေ့ဒေသရှိ နိုင်ငံများအတွက် သုံးစွဲရန် ရေရရှိမည်မဟုတ်ကြောင်း ကာတာဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက်အဗ္ဗဒူရာမန် ဗင်ဂျန်ဆန်အယ်လ်သာနီက ပြောကြားသည်။

တိုက်ခိုက်မှု၏ အကျိုးဆက်အဖြစ် ပင်လယ်ကွေ့အတွင်းရှိ ရေများညစ်ညမ်းမှုဖြစ်ပွားကာ ကာတာနိုင်ငံကသုံးစွဲနေသည့် ရေများ သုံးရက်အတွင်း ကုန်သွားမည်ဟု ၎င်းကပြောကြားခဲ့သည်။

ဒေသအတွင်းရှိအခြားနိုင်ငံများလည်း သုံးစွဲမည့်ရေကုန်သွားနိုင်ကြောင်း ၎င်းကပြောကြားသည်။

ပင်လယ်ကွေ့ရှိ ရေများညစ်ညမ်းမှုကြောင့် ဂေဟစနစ်နှင့် ငါးဖမ်းလုပ်ငန်းများထိခိုက်စေနိုင်ကြောင်း ၎င်းကပြောကြားသည်။ အီရန်နိုင်ငံအားစစ်ရေးအရ တိုက်ခိုက်မည့်အရေးကို ကာတာနိုင်ငံက ဆန့်ကျင်ကြောင်းနှင့် အီရန်နှင့် အမေရိကန်အကြား သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ရေးအတွက် ကာတာနိုင်ငံက ကူညီဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

နျူကလီးယားစွမ်းအင်ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲမည်ဟု အီရန်နိုင်ငံက ပြောကြားသည်။

**ကိုးကား – သည်တိုင်းစ်အော့ဖ်အိန္ဒိယ**
**ဘာသာပြန် – စိုးသူရ**



# လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် အစ္စရေးတပ်ဖွဲ့များ တပ်စွဲထားခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း ဟစ်ဇ်ဘိုလာပြောကြား

**ဘေရွတ် မတ် ၁၁**

လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် အစ္စရေးတပ်ဖွဲ့များတပ်စွဲထားခြင်းကို ဟစ်ဇ်ဘိုလာအဖွဲ့က ခွင့်ပြုမည်မဟုတ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့ အတွင်းရေးမှူးချုပ် အန်အိန်းကွာဇန်က ယမန်နေ့တွင် ပြောကြားသည်။

အစ္စရေးသည် ပြီးခဲ့သည့်ကာလအတွင်း အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်သည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ အစ္စရေးတပ်ဖွဲ့များသည် လီတာနီမြစ်၏တစ်ဖက်သို့ ဆုတ်ခွာရမည်ဟုပြဋ္ဌာန်းထားသည်။ လက်ဘနွန်နိုင်ငံ၏ ပြည်တွင်းရေးတည်ငြိမ်စေရေးအတွက် ဟစ်ဇ်ဘိုလာအဖွဲ့က ရည်မှန်းဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။ အစ္စရေးအားတိုက်ခိုက်နိုင်ရန်အတွက် ဟစ်ဇ်ဘိုလာအဖွဲ့သည် လက်နက်တပ်ဆင်ထားခြင်းဖြစ်ပြီး အစ္စရေးအား ခုခံတိုက်ခိုက်ခြင်းသည် လက်ဘနွန်နိုင်ငံသားများအတွက် နိုင်ငံကာကွယ်ခွင့် အခွင့်အရေးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အစ္စရေးက လက်ဘနွန်နိုင်ငံအား တိုက်ခိုက်နေသရွေ့ ဟစ်ဇ်ဘိုလာအဖွဲ့က ခုခံတိုက်ခိုက်မည်ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများကြောင့် ပျက်စီးခဲ့သည့် လက်ဘနွန်နိုင်ငံပြန်လည်တည်ထောင်ရေးလုပ်ငန်းများတွင် ဟစ်ဇ်ဘိုလာအဖွဲ့က ကူညီဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

ယမန်နှစ် နိုဝင်ဘာ ၂၇ ရက်တွင် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအဖွဲ့အကြားရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာမည်ဟု သဘောတူညီခဲ့သော်လည်း လက်ဘနွန်နိုင်ငံ နယ်စပ်ရှိနေရာများတွင် အစ္စရေးတပ်ဖွဲ့များ တပ်စွဲထားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**

# ဂျပန်နိုင်ငံ တိုကျိုမြို့အား အမေရိကန်လေတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း နှစ်(၈၀)ပြည့် အောက်မေ့ဖွယ်အခမ်းအနား ကျင်းပ

**တိုကျို မတ် ၁၁**

ဂျပန်နိုင်ငံ တိုကျိုမြို့အား ၁၉၄၅ ခုနှစ်တွင် အမေရိကန်လေတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း နှစ်(၈၀)ပြည့် အောက်မေ့ဖွယ်အခမ်းအနားကို ယနေ့ကျင်းပခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

၁၉၄၅ ခုနှစ် မတ် ၁၀ ရက်တွင် အမေရိကန်ဘီ ၂၉ ဗုံးကြဲလေယာဉ်များက တိုကျိုမြို့အရှေ့ပိုင်းရှိ လူနေအိမ်များအား ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဒေသခံတစ်သိန်းခန့် သေဆုံးခဲ့သည်။

**ပြောကြား**

အောက်မေ့ဖွယ်အခမ်းအနားကို တိုကျိုဒေသ ဆူမီဒါမြို့ရှိခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မင်းသားအာကီရှီနိုနှင့် ကြင်ယာတော်အပါအဝင် ၎င်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သူများ၏ ကျန်ရစ်သူမိသားစုများ တက်ရောက်ခဲ့သည်။

ယနေ့အခမ်းအနား တက်ရောက်လာသည့် ကျန်ရစ်သူများအနေဖြင့် နောင်လာ နောက်သားများအား ယခုကဲ့သို့ ဝမ်းနည်းဖွယ်အဖြစ်များမှ သင်ခန်းစာရယူနိုင်ရန် အသိပညာပေးရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး ဖြစ်သည့် အေယာမာယာဆူရှီက ပြောကြားသည်။

၎င်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သူများအတွက် တိုကျိုဒေသအုပ်ချုပ်ရေးမှူး ကိုကီယူရီကိုနှင့် ကျန်ရစ်သူ မိသားစုများက ဆုတောင်းခဲ့ကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**




# ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်တွင် ခရီးသည်တင်ရထားတစ်စင်း တိုက်ခိုက်ခံရ

**အစ္စလာမာဘတ် မတ် ၁၁**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ခရီးသည်တင်ရထားတစ်စင်းကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ယနေ့တွင် တိုက်ခိုက်ခဲ့ပြီး ခရီးသည်အများအပြားကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ခရီးသည် ၄၅၀ ကျော် လိုက်ပါလာသည့် Jaffar Express ရထားသည် နိုင်ငံ၏အနောက်တောင်ဘက် ကာတာမြို့မှ အနောက်မြောက်ဘက် ပက်ရှ်ဝါမြို့သို့ ထွက်ခွာလာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

တိုက်ခိုက်မှုဖြစ်ပွားရာ ဒေသသည် တောင်ကုန်းထူထပ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ကယ်ဆယ်ရာတွင် နှောင့်နှေးခဲ့သည်။

ကာတာဒေသရှိ ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို တာဝန်ချထားပြီး ဒဏ်ရာရရှိသူများကို ကုသပေးခဲ့သည်။

အပြစ်မဲ့ ပြည်သူများအား တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ချေမှုန်းသွားမည်ဟု ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး မိုရှင်နာဗီက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦး ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၁

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြည်နှင့်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် H.E . Mr. Pranav . Ganesh နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ မလေးရှားသံရုံး တာဝန်ခံ Mr. Johan Ariff Abdul Razak နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မယ်ထော်သလေး နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။


အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၄၄၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၇၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၈၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဖျာပုံမြို့ အကျဉ်းထောင်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဖျာပုံ မတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် မီးသတ်ဦးစီးဌာနက ဖျာပုံမြို့အကျဉ်းထောင်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ဖျာပုံမြို့အမှတ်(၁၂) ရပ်ကွက် ဖျာပုံအကျဉ်းထောင်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်ဝင်းက အကျဉ်းထောင်ဝန်ထမ်းများနှင့်မိသားစုဝင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် မီးလောင်မှုဖြစ်ပွားစေနိုင်သော အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြုကာ ဖြုတ်၊ ချိန်၊ ညှစ်စနစ်ဖြင့်မီးငြိမ်းသတ်ခြင်းများကို အသိပညာပေးရှင်းလင်းဟောပြောကာ မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်နိုင်ဝင်း ဦးဆောင်သော သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်ကျွမ်းမှုအား (DCP)မီးသတ်ဆေးဘူးဖြင့် အရေးပေါ်မီးငြိမ်းသတ်နိုင်ရန် လက်တွေ့ပြသပေးခြင်း၊ အဝတ်ရေစိုဖြင့် အရေးပေါ်မီးငြိမ်းသတ်ပုံများကို သရုပ်ပြကာ လက်တွေ့သင်ကြားလေ့ကျင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်



### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၃-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၅ | ၃၂၇၀ | ၃၂၃၅ | ၃၀၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၁၁၅ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၁၅ | ၃၂၈၀ | ၃၃၀၀ | ၃၅၆၀ |
| 95 Ron | ၃၂၀၅ | ၃၃၂၀ | ၃၂၈၅ | ၃၁၂၀ | ၃၃၂၅ | ၃၃၄၀ | ၃၃၆၀ | ၃၂၇၅ | ၄၅၆၀ | ၃၅၇၀ | ၃၂၉၅ | ၃၂၉၅ | ၃၃၆၅ | ၃၃၃၀ | ၃၃၅၀ | ၃၆၁၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၈၀၅ | ၂၇၇၀ | ၂၇၀၅ | ၂၈၁၀ | ၂၈၂၅ | ၂၈၄၅ | ၂၇၆၅ | - | ၃၀၅၅ | ၂၇၈၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၁၅ | ၂၈၄၀ | ၃၀၉၅ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၂ | ၃၀၇၅ |
| 95 Ron | ၃၀၃၀ | ၃၁၂၄ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၃၁၅၁ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၁ | ၃၂၄၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မော်လမြိုင်မြို့နယ်၌ သမဝါယမအသင်းသားများ၏ ဆန်စက်လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

မော်လမြိုင် မတ် ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အောင်ကောင်းစံဆန်စက်လုပ်ငန်းရှင်များ သမဝါယမအသင်းလီမိတက်မှ အသင်းသားများ၏ ဆန်စက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်း တွင် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဆန်ကြိတ်ခွဲဆောင်ရွက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အောင်ကောင်းစံဆန်စက်လုပ်ငန်းရှင်များ သမဝါယမအသင်းလီမိတက်မှ အသင်းသားများက ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀၀ ပံ့ပိုးရယူလျက် စပါးကြိတ်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဆန်စက်မှ ဒေသတွင်းထွက်ရှိသောစပါးများကို ဝယ်ယူကြိတ်ခွဲ၍ မော်လမြိုင်နှင့် ပေါင်မြို့နယ်အတွင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပညာရှင် ရှေးဆေးသမား၊ ကျေးဇူးတရားမမေ့ပြား ရှေးတိုင်းရင်းဆေးသမားတော်ကြီးများအကြောင်း သိကောင်းစရာ

**နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအများ ယုံကြည်အားထားသည့် တိုင်းရင်းဆေးပညာ ဘက်စုံမြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။**

**နေနေနိုင်ရည် (တိုင်းရင်းဆေး)**

တိုင်းရင်းဆေးပညာသည် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ရန် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အမျိုးသားရေးဆေးပညာတစ်ရပ်ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် သမိုင်းမှတ်တမ်းများအရ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ရတနာပုံခေတ်စသည့် မြန်မာရှင်ဘုရင်များ အဆက်ဆက် ချီးမြှင့်မြှောက်စားခံခဲ့ရပြီး တော်ဝင်ဆေးပညာအဖြစ် တည်ရှိခဲ့ပါသည်။

တိုင်းရင်းဆေးပညာ၏ရှေးသမားတော်များက လက်ဆင့်ကမ်း ပေးအပ်ခဲ့သော ဆေးပညာအမွေအနှစ်များရရှိခဲ့သည့် ကျေးဇူးတရားများကို မမေ့သည့်အနေဖြင့် **"ပညာရှင် ရှေးဆေးသမား၊ ကျေးဇူးတရားမမေ့ပြား"** ဆိုသည့်အတိုင်း တပေါင်းလပြည့်နေ့ကို မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့အဖြစ် ခေတ်အဆက်ဆက် သမားတော်ကြီးများက အစဉ်အလာမပျက် ကျင်းပခဲ့ကြပါသည်။

တိုင်းရင်းဆေးပညာ၏ရှေးမြန်မာ့သမားတော်ဆရာတော်ကြီးများ၊ သမားတော်ကြီးများ၏ အကြောင်းကို လေ့လာသိရှိစေရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ရှေးပညာရှင်ဆေးသမားတော်ကြီးများထဲမှ ထင်ရှားကျော်ကြားသော ဆရာတော်ကြီး၊



တိုင်းရင်းဆေးသမားတော်ကြီး တွံတေးဦးဘိုးမင်း ရေးသားပြုစုခဲ့သည့် နရသုခိအမိဗ္ဗာယ်ကျမ်း။




တိုင်းရင်းဆေးသမားတော်ကြီး ပရမတ္ထအလင်းပြဆရာသင် ရေးသားပြုစုခဲ့သည့် ပရမတ္ထအလင်းပြဆေးကျမ်း။

သမားတော်ကြီး ၁၀ ဦး၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဂုဏ်ပြုရေးသားလိုက်ပါသည်။

### မောင်းထောင်သာသနာပိုင်ဆရာတော် ဉာဏာဘိဝံသဓမ္မသေနာပတိ

မောင်းထောင်ဆရာတော် ဉာဏာဘိဝံသဓမ္မသေနာပတိသည် ပခန်းကြီးအနောက်ဘက် မြို့သာညောင်ညိုကြီးရွာ ဇာတိဖြစ်သည်။ ရှင်သာမဏေဘဝတွင် ဘိုးတော်ဘုရားကပင့်သဖြင့် အင်းဝသို့ တပည့် ၈၀ နှင့်အတူ ရောက်လာသည်။ ၁၁၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်းစသော စာပေကျမ်းဂန်များကို ဗဒုံမင်းထံ ဆက်သခဲ့သည်။ ၁၁၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ဆေးကျမ်း ခြောက်ကျမ်း၊ ၁၁၅၅ ခုနှစ်တွင် ဆေးကျမ်း သုံးကျမ်း၊ ၁၁၇၁ ခုနှစ်တွင် ဆေးကျမ်း နှစ်ကျမ်း။ ၁၁၇၆ ခုနှစ်တွင် ဆေးကျမ်း လေးကျမ်းတို့ကို ယူဆောင်ခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဆေးကျမ်းများကို ဆရာတော်ကြီးက ဘာသာပြန်ရေးသားခဲ့သည်။ ဒြဗျဂုဏပြကာသကျမ်း၊ သာရကောမုဒီဆေးကျမ်း၊ ဩသဓရတနာကရဆေးကျမ်း၊ ဓာတုပြသံသဆေးကျမ်း၊ ကာမရတနဆေးကျမ်းနှင့် ငုင်းဆေးကျမ်းတို့၏ ဋီကာနှင့် ကျမ်းရင်းနိဿယတို့ကို ရေးသားပြုစုခဲ့သည်။

### ယောအတွင်းဝန် ဦးဖိုးလှိုင်

ယောအတွင်းဝန် ဦးဖိုးလှိုင်ကို ယင်းတော်ဝန်ကြီး ဦးရွှေတုန်၊ ဒေါ်ငြိမ်းတို့မှ ၁၁၉၁ ခုနှစ် တန်ခူးလဆန်း ၁၀ ရက် (သောကြာနေ့)တွင် မြင်းခြံခရိုင် တလုတ်မြို့နယ် ရွှေပုလဲရွာတွင် ဖွားမြင်ခဲ့သည်။ ဦးဖိုးလှိုင်သည် ငယ်စဉ်ကပင် စာပေဝါသနာပါသူဖြစ်ပြီး ပညာလွန်စွာထူးချွန်သူဖြစ်သည်။ ဦးဖိုးလှိုင်သည် မင်းတုန်းမင်းလက်ထက်မှ သီပေါမင်းလက်ထက်တိုင် အတွင်းဝန်၊ မြို့စား၊ အတိုင်ပင်ခံပညာရှိ စသော ရာထူးတို့ဖြင့် အမှုတော်ထမ်းရွက်ခဲ့သည်။ ဦးဖိုးလှိုင်သည် ကျမ်းပေါင်း ၂၀ ကျော် ပြုစုခဲ့ပြီး **ဥတုဘောဇနသင်္ဂဟဆေးကျမ်းနှင့် ကာယာနုပဿနာကျမ်း**တို့သည် တိုင်းရင်းဆေးပညာရပ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများလှသော ကျမ်းများဖြစ်သည်။ ဦးဖိုးလှိုင်သည် ၁၂၄၅ ခုနှစ် ဝါခေါင်လပြည့်နေ့တွင် ကွယ်လွန်သည်။

### တိုင်းရင်းဆေးသမားတော်ကြီး တောင်သာဆရာမှုန့်

သမားတော်ကြီး ဆရာမှုန့်ကို မြင်းခြံခရိုင် တောင်သာမြို့တွင် မြန်မာသက္ကရာဇ် ၁၁၇၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ အသက် ၂၀ အရွယ်



ယောအတွင်းဝန် ဦးဖိုးလှိုင်

ရှင်သာမဏေဘဝတွင် လောကုတ္တရာစာပေပညာရှင် ဘိသက္ကပါရဂူဖြစ်တော်မူသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဓာတ်ကြီးလေးပါးနှင့် အာကာသဓာတ်ကိုအခြေခံကာ ဥဏှတေဇောအကြောင်းခံ ကက္ခဠ၊ ဝိတ္ထမ္ဘိတ၊ ပရိဿဝရောဂါ သုံးမျိုး၊ သီတအကြောင်းခံ သင်္ဂဟိတ၊ ဖြူဟန၊ ပဠ္ဌရဏရောဂါ သုံးမျိုး ပေါင်းခြောက်မျိုး ခွဲခြားပြီး ခြောက်လုံးကောက်ဆေးပညာကို စတင်တီထွင်ခဲ့သည်။ ၁၂၂၈ ခုနှစ် အသက် ၅၅ နှစ်အရွယ်တွင် မင်းတုန်းမင်းတရားကြီးက တိကိစ္ဆက ဆေကဘိသက္ကရာဇာဟူသော ဘုရင့်သမားတော်ဘွဲ့ကို ချီးမြှင့်ခံရသည်။ ဆရာကြီးဆရာမှုန့်သည် ၁၂၃၉ ခုနှစ် အသက် ၆၆ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

### တိုင်းရင်းဆေးသမားတော်ကြီး သုံးဆယ်ဦးပန်းသာ

သမားတော်ကြီး ဦးပန်းသာသည် ဆရာကြီး ဆရာမှုန့်၏ ထင်ရှားသောတပည့်ရင်းဖြစ်သည်။ ဦးပန်းသာသည် ဆရာမှုန့်ထံမှ ခံယူခဲ့သောနည်းများအပြင် မိမိကိုယ်တိုင်တွေ့ကြုံခဲ့ရသော လက်တွေ့ကုထုံးနည်းများနှင့် မိမိသုံးစွဲလာသောဆေးနည်းများကိုပါ ထည့်သွင်းလျက် ဓာတုဝိနိစ္ဆယ ရူပကဏ္ဍဆေးကျမ်းပြုစုခဲ့သည်။ ထိုကျမ်းတွင် မဟာဘုတ်လေးပါးနှင့် အမှီရုပ်များအကြောင်း၊ ရောဂါများအကြောင်း၊ ဥတုရာသီအကြောင်းများနှင့် ရောဂါအလိုက်ကုသပုံကုသနည်းများ၊ ဆေးနည်းများ၊ ယင်းတို့၏အကျိုးအာနိသင်များ၊ တိုက်ကျွေးကုသနည်းများကို ထည့်သွင်းရေးသားခဲ့သည်။ တော်လှန်ရေးအစိုးရက ၁၉၆၂ ခုနှစ်မှစ၍ (၃)ကြိမ်မြောက်ကျင်းပခဲ့သော တိုင်းရင်းဆေးဆရာ အရည်အချင်းစစ်စာမေးပွဲတွင် ဓာတုဝိနိစ္ဆယ ရူပကဏ္ဍဆေးကျမ်းကို ဒေသနာနယဘာသာရပ်အတွက် ပြဋ္ဌာန်းကျမ်းအဖြစ် သတ်မှတ်ခဲ့သည်။

### တိုင်းရင်းဆေးသမားတော်ကြီး တွံတေးဦးဘိုးမင်း

သမားတော်ကြီး ဦးဘိုးမင်းကို ၁၂၁၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက် (ကြာသပတေးနေ့)တွင်အမရပူရမြို့၌ မွေးဖွားသည်။ ငယ်စဉ်က သာမဏေဘဝနှင့်ပင် စာပေပရိယတ္တိများကို သင်ကြားခဲ့ပြီး ဆရာသမားတော်ကြီး ဦးမှုန့်၊ ဦးမုံနှင့် ဆရာတော်ဦးအာစရတို့ထံတွင် အဘိဓမ္မာ ဓာတ်ဆေးပညာ သင်ကြားခဲ့သည်။ ရဟန်းဘဝနှင့် သကျသီဟမဟာအကျော် ဓမ္မာစရိယအဖြစ် အဘိဓမ္မာပညာရပ်များ၊ ရုပ်၂၈ ပါး၏ သဘောလက္ခဏာများ၊ အဘိဓမ္မာဆေးပညာရပ်များကို လေ့လာဆည်းပူးခဲ့သည်။ တွံတေးမြို့တွင် အခြေချ၍ ဆေးကုသသောအလုပ်ဖြင့် နာမည်ကျော်ကြား လူသိများခဲ့သည်။ ၁၂၆၃ ခုနှစ်တွင် နရသုခိအမိဗ္ဗာယ်ကျမ်းကို ရေးသားခဲ့ပြီး ရူပဝိနိစ္ဆကုထုံးကျမ်း၊ ဥဏှနာ လေးပါး၊ သီတနာ လေးပါး၊ ပေါင်း အနာရှစ်ပါးခွဲခြားရေးသားသော ပရမတ္ထဓာတ်ကျမ်းတို့မှာ ထင်ရှားသည်။

### တိုင်းရင်းဆေးသမားတော်ကြီး ဦးကျော်ရန်

သမားတော်ကြီး ဦးကျော်ရန်ကို မြန်မာသမားတော် ရွှေတောင်ဆရာကြီး ဦးမြတ်သာနှင့် ဒေါ်ကင်းတို့မှ ၁၈၆၃ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့၌ မွေးဖွားသည်။ နေမျိုးဣန္ဒဘိသက္ကရာဇာဘွဲ့တံဆိပ်ရ သမားတော်ကြီး ဦးပေါ်ထံတွင် အနှစ် ၂၀ တိုင်တိုင် ဆေးကျမ်းပေါင်းစုံ၊ စာအုပ်စာတမ်း၊ ပေ၊ ပုရပိုက်များကို လေ့လာသင်ယူခဲ့သည်။ မြန်မာနိုင်ငံဆေးပညာပြန့်ပွားရေးအတွက် ဆေးဆရာများကို စုစည်း၍ ဆေးဆရာအသင်းကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့သည်။ ထို့ပြင် ပရဆေးဥယျာဉ်ကြီးတစ်ခုကို စိုက်ပျိုးထူထောင်ခဲ့သောကြောင့် တောင်ခွင်ဆရာတော်ဘုရားက "သီရိဘိသက္ကကဝိဓဇ" ဟူသောဘွဲ့နှင့် "ဘိသက္ကသိဒ္ဓိဇေယျကျော်ထင်" ဟူသောဘွဲ့ကို ချီးမြှင့်ခဲ့သည်။

### တိုင်းရင်းဆေးသမားတော်ကြီး ပရမတ္ထအလင်းပြဆရာသင်

ပရမတ္ထအလင်းပြဆရာသင်ကို ၁၂၄၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက် (သောကြာနေ့)တွင် ပျဉ်းမနားမြို့ မင်္ဂလာရပ်၌ မွေးဖွားခဲ့သည်။ မန္တလေးမြို့ ဒက္ခိဏာရာမ (ခေါ်) ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးအာစရ၊ ဆရာတော်ဦးရန်ကုန်၊ မင်းကွန်းတောရဇေတဝန်ဆရာတော်၊ ပါဠိပိဋကတ်ကျမ်း၊ ဝိပဿနာ၊ သတိပဋ္ဌာန်နှင့် ကျင့်စဉ်ပညာရပ် ပရမတ္ထဆေးပညာအသင်းဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့ ဆေးဆရာများအသင်းအဖွဲ့တွင် ဓာတ်၊ ဗိန္ဒော ဆေးပညာနှင့် ဗေဒင်ပညာကို ခုနစ်နှစ် သင်ကြားခဲ့သည်။ ၁၃၀၀ ပြည့်နှစ် လူ၊ ရဟန်းအပါအဝင် တပည့် ၆၀ ကျော်ဖြင့် တိုင်းရင်းဆေးပညာပြန့်ပွားရေးဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့တွင် ပရမတ္ထဆေးပညာသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားခဲ့သည်။

စစ်ပြီးခေတ်တွင် ဆေးကျောင်းနှင့် ဆေးရုံတွဲဖက်၍ အမြဲတမ်းအတွင်းလူနာ ၁၅ ဦးဖြင့် နာတာရှည်ရောဂါများကို ကုသပေးခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာ့သမားတော်အဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ရှေ့ပြေးတိုင်းရင်းဆေးဆရာအဖွဲ့ ဖွဲ့စည်းပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အစိုးရ၏ အခမဲ့ဆေးပေးခန်း ကိုးခု ဖွင့်လှစ်ပေးခဲ့သည်။ ပရမတ္ထအလင်းပြနှင့် ဗိန္ဒောအလင်းပြကျမ်း၊ ပရမတ္ထအလင်းပြ သံခိပ်ဋီကာ၊ ဓာတုရသအလင်းပြကျမ်း၊ ဇေဒသိပ္ပံဆေးကျမ်းများပြုစုခဲ့သည်။

စာမျက်နှာ ၁၇ သို့ ◆

# ရက်ရှည်ရုံးပိတ်ရက်ကာလ ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားများ ပိုမိုဝင်ရောက်နိုင်ဟု ခန့်မှန်းထား

ရန်ကုန် မတ် ၁၁

ရုံးပိတ်ရက်ရှည်ဖြစ်သော မတ် ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တာကာလအတွင်း ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု ပုဂံဒေသခံတို့က ခန့်မှန်းထားကြောင်း သိရသည်။

ယမန်နှစ်က ရွှေစက်တော်ဘုရားပွဲရာသီတွင် ပုဂံမှရွှေစက်တော်သို့လည်းကောင်း၊ ရွှေစက်တော်မှ ပုဂံသို့လည်းကောင်း ခရီးသွားများ တဖွဲဖွဲဝင်ရောက်ခဲ့ပြီး ထိုမှတစ်ဆင့် ပုပ္ပားတောင်သို့လည်း သွားရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။



"မနှစ်ကဒီအချိန် ပုဂံမှာခရီးသွားမပြတ်စည်ကားနေပြီး သင်္ကြန်ကာလအထိ ခရီးသွားမပြတ်ခဲ့ပါဘူး။ ဒီအပတ် ရက်ရှည်ပိတ်ရက်ငါးရက်ဆိုတော့ ခရီးသွားတွေအတွက် ရွှေစက်တော်ဘုရားလည်း ဘုရားဖူးလည်ပတ်ဖို့ အချိန်ရပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာဆိုရင် နိုင်ငံခြားသားခရီးသွားအများစုက အထင်ကရဘုရားစေတီတွေမှာရှိတဲ့ နံရံဆေးပန်းချီတွေနဲ့ ဗိသုကာလက်ရာတွေကို ကြည့်ရှုလေ့လာကြတာများပါတယ်။ Grade-12 ကလွဲရင် ကျောင်းပိတ်ချိန်ဖြစ်တဲ့အတွက် ရက်ရှည်ရုံးပိတ်ရက်ကာလမှာ ပုဂံကို ခရီးသွားဝင်ရောက်လာမယ်လို့ ဒေသခံတွေက ခန့်မှန်းထားကြပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂံယဉ်ကျေးမှုဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်လာပါက ရွှေစည်းခုံ၊ ငှက်ပစ်တောင်၊ တုရင်တောင်၊ အလိုတော်ပြည့်၊ ထီးလိုမင်းလို၊ အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပုလ္လင်၊ ဗူးဘုရား၊ ဗဟာဗောဓိ၊ မြစေတီ၊ မနူဟာ၊ လောကနန္ဒာ၊ ဓမ္မရာဇက၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ ပြသာဒ်ကြီး စသည့် အထင်ကရ ဘုရား၊ စေတီ ၁၈ ဆူသို့ အများဆုံးလည်ပတ်ကြလေ့ရှိသည်။

"ပုဂံမှာကအေးချမ်းပါတယ်။ အခုလိုရုံးပိတ်ရက်ရှည်ကာလမှာ လည်ပတ်ဖို့အကောင်းဆုံးပါ။ မြန်မာမှန်ရင် ပုဂံရောက်ဖူးမှ မြန်မာလို့သတ်မှတ်တဲ့စကားပုံလည်းရှိပါတယ်။ ရုံးပိတ်ရက်ရှည်ကာလမှာ ခရီးသွားပိုမိုဝင်ရောက်မယ်လို့ ဒေသခံတွေခန့်မှန်းထားတာကြောင့် ခရီးသွားအားလုံးကို ဒေသခံတွေကကြိုဆိုနေပါတယ်။ မနှစ်ကသင်္ကြန်မှာလည်း ညောင်ဦးမြို့မှာ ဗဟိုမဏ္ဍပ်ရှိတဲ့အတွက် ပုဂံမှာလည်း ခရီးသွားစည်ကားခဲ့ပါတယ်။ ပုဂံမှာလည်ပတ်ပြီး ရွှေစက်တော်မှာ အပန်းဖြေအနားယူလိုတဲ့ ဘုရားဖူးတွေအတွက် ဒီရုံးပိတ်ရက်ဟာ အကောင်းဆုံးအပန်းဖြေခရီးသွားကာလလည်းဖြစ်ပါတယ်"ဟု ထီးလိုမင်းလိုဘုရားဂေါပကအဖွဲ့မှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ဧရိယာအားဖြင့် စတုရန်း ၁၄၂၉၅ မိုင် ကျယ်ဝန်းပြီး မြန်မာ့ယဉ်ကျေးမှုရှေးဟောင်း အမွေအနှစ်များစုဝေးရာ ပုဂံဒေသသို့ ယခုရုံးပိတ်ရက်ရှည်ကာလ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု ဒေသခံများက ခန့်မှန်းထားကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ - ဇွဲမာန်**

○ နယူးကာဆယ်မှ

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ပေမယ့် ညှိသည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ နယူးကာဆယ်အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်မှာ ရရှိခဲ့တဲ့ ဘားနက်စ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ် အသင်းဟာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၂၉) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၇ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၆)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းကတော့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လက်ရှိအချိန်မှာ ရမှတ် ၃၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၆)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ မတ် ၁၆ ရက်မှာလည်း လီဗာပူးအသင်းနဲ့ ကာရာဘောင်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယှဉ်ပြိုင်ကစားရဖို့ ရှိနေတာလည်း ဖြစ်ပါတယ်။

ငွေကြယ်

## ချောက်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်လှုပ်ရှားမှုများ ဆောင်ရွက်

ချောက် မတ် ၁၁

မတ် ၁၅ ရက် တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများကို ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ချောက်မြို့၌ မြို့နယ်တာဝန်ခံ ဒေါ်မြတ်မြတ်မိုးနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။




အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့မဈေးအတွင်းရှိ ဈေးရောင်း/ဈေးဝယ်ပြည်သူများအား စားသုံးသူကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းများဆောင်ရွက်ခဲ့ပြီး စားသုံးသူမိဘပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်စေရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်များပေါ်တွင် ကုန်စည်အမျိုးအစားကိုလိုက်၍ ကုန်အညွှန်း အမှတ်အသားများ ပြည့်စုံမှန်ကန်စွာဖော်ပြခြင်း ရှိ/မရှိ တို့ကိုစစ်ဆေးပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

◆ စာမျက်နှာ ၁၆ မှ

### တိုင်းရင်းဆေးသမားတော်ကြီး သဘာဝဓမ္မဆရာတော်ဦးဣန္ဒြိယ

ဆရာတော်ဦးဣန္ဒြိယကို ၁၂၅၄ ခုနှစ်တွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကြွယ်ကန်ညောင်တုန်းရွာတွင် ဖွားမြင်တော်မူသည်။ ဆရာတော်သည် ဆေးပညာကိုသာမက ပါဠိပိဋကတ်စာပေတို့ကိုလည်း သင်ယူခဲ့သည်။ ဆရာတော်သည် ခြောက်လုံးကောက်ဆေးပညာကို အခြေခံကာ အနာရှစ်မျိုးခွဲခြားသော သဘာဝဓမ္မဆေးပညာကို တီထွင်ခဲ့သည်။ သဘာဝဓမ္မဆေးပညာသည် လူနာ၏ ရုပ်လက္ခဏာသဘောသဘာဝနှင့် အသီး၊ အမြစ်၊ အပွင့်စသော ဆေးပစ္စည်းတို့၏သဘာဝကို ကြည့်ရှုဆင်ခြင်ကုသသော ဆေးပညာဖြစ်သည်။

အပူနာ လေးမျိုး၊ အအေးနာ လေးမျိုး ကုထုံး၊ ကုနည်းများ သတ်မှတ်တီထွင်ခဲ့သည်။ ကျန်းမာရေးအတွက် ဆေးဝါးဓာတ်စာပေးခြင်း၊ ညွှန်ကြားခြင်း၊ လူနာ၏ ရုပ်လက္ခဏာမြင်ရုံ၊ အသံကြားရုံဖြင့် မည်သည့်ရောဂါစွဲကပ်နေကြောင်း၊ ရောဂါစွဲကပ်နေသော အချိန်ကာလတို့ကို မမေးမြန်းဘဲ သိနိုင်စွမ်းသော ဆရာတော်ဖြစ်သည်။ ရန်ကုန်မြို့တွင် သဘာဝဓမ္မ ဆေးသင်တန်းနှင့် ဆေးကုဌာနတို့ကို ဖွင့်လှစ်ပြီး ကိုယ်တိုင်သင်ကြားကုသပေးခဲ့သည်။ မိမိဇာတိရွာ၌ ဆေးဥယျာဉ်တစ်ခု၊ သဘာဝဓမ္မဆေးခန်းနှင့် ဆေးရုံတို့ကို ဖွင့်လှစ်ခဲ့သည်။ သဘာဝဓမ္မဓာတုရသကျမ်းကို ရေးသားပြုစုခဲ့သည်။

### တိုင်းရင်းဆေးသမားတော်ကြီး ကျောက်တံခါးတောရဆရာတော် ဦးနရိန္ဒ

ဆရာတော်ကြီး ဦးနရိန္ဒကို ၁၂၁၈ ခုနှစ် ဒီပဲယင်းမြို့နယ် ရွှေဘိုစီရင်စု စိုင်းပြင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ လယ်တီကျောင်းတိုက် လယ်တီဆရာတော်ကြီးထံတွင် ဓာတ်ကျမ်း၊ ဓာတုစိန္တာဓာတ်ကျမ်းတွင် ပိဋကတ်တော်လာရုပ်ဓာတ်များကို အခြေခံ၍ ကြံစည်ထားသည့် ဆေးပညာကို သင်ကြားခဲ့သည်။ သဘောတရားအရ တေဇောဓာတ်၏သဘောကို အခြေခံထား၍ လုပ်ဆောင်ခဲ့သည်။ တေဇောဓာတ်ကိုပဓာနပြု၍ ရေးသားထားသော ကျန်းမာရေးအတွက် ဓာတ်သဘာဝများကို တွေးခေါ်ကြံစည်ထားသော ဓာတုစိန္တာဓာတ်ကျမ်းကို ရေးသားခဲ့သည်။

> **❝မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရိုးရာအမွေအနှစ်တစ်ခုဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုနှင့်အတူ ပူးတွဲရပ်တည်လာခဲ့သည့် ဆေးပညာရပ်တစ်ခုဖြစ်သည်။ ရှေးမြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများက တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခဲ့ကြသောကြောင့် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ ကျန်းမာအသက်ရှည်ခဲ့ကြသည်။**
>
> **မျိုးဆက်သစ် လူငယ်တိုင်းရင်းဆေးပညာရှင်များအနေဖြင့် ရှေးသမားတော်များက ပေးအပ်ခဲ့သော တိုင်းရင်းဆေးပညာအမွေအနှစ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူလူထုကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ပိုမိုစောင့်ရှောက်ပေးခြင်းသည် ရှေးမြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ကျေးဇူးကို ဆပ်ရာရောက်❞**

### တိုင်းရင်းဆေးသမားတော်ကြီး ဆရာတော်အရှင်နာဂသိန်ဘိဝံသမဟာထေရ်

ဆရာတော် အရှင်နာဂသိန်ဘိဝံသမဟာထေရ်ကို ၁၂၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက် (စနေနေ့) ည ၈ နာရီတွင် ကော့ကရိတ်ခရိုင် မိဂလုံရွာ၌ ဖွားမြင်သည်။ ဆရာတော်သည် ပိဋကတ်စာပေများကို ဆရာတော်ကြီးများထံမှ စနစ်တကျ သင်ယူတတ်မြောက်ခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် ရန်ကုန်သိမ်ဖြူကျောင်းတိုက်သို့ ပြောင်းရွှေ့နေထိုင်ပြီး ဆေးပညာရပ်များကို လေ့လာသင်ယူခဲ့သည်။ ထို့နောက် အိန္ဒိယသို့သွားပြီး အာယုဗေဒဆေးပညာနှင့် ဟိန္ဒီဘာသာရပ်တို့ကို လေးနှစ်တိုင် လေ့လာဆည်းပူးခဲ့သည်။ ၁၃၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ အာယုဗေဒဆေးကျမ်းပေါင်း ၁၇၉ ကျမ်းကို ယူဆောင်လာခဲ့ပြီး မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

ဆရာတော်ကြီးသည် ဘာသာပြန်ခြင်းလုပ်ငန်းများအပြင် စာသင်သားတို့ကို သက္ကတဘာသာသင်ကြားပေးခြင်း၊ တိုင်းရင်းဆေးရုံဖွင့်လှစ်ပြီး လက်တွေ့ဆေးဝါးကုသခြင်း၊ ဆေးသင်တန်းများဖွင့်လှစ်၍ ကိုယ်တိုင်သင်ကြားပို့ချခြင်း စသည့်လုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့သည်။ ဆေးပညာဥပဒေသကျမ်း (ပ-ဒု)၊ ဓာတ်သမုဒ္ဒရာကျမ်း၊ အကြောသွေးစမ်းကျမ်း၊ စရကသံဟိတာ(ပ-ဒု)၊ ဘေသဇ္ဇမဉ္ဇူသာကျမ်း(ပ-ဒု)၊ သာရကောမုနိကျမ်း၊ မာဓဝနိဒါန်းကျမ်း၊ ပုံပြဆေးအဘိဓာန်(ပ-ဒု-တ-စ) ကျမ်း၊ သားငါးကျေးငှက်ကျမ်း၊ အကြောပြင်အတတ်ပညာကျမ်းစသည့် ဆေးကျမ်းပေါင်းမြောက်မြားစွာကို ပြုစုရေးသားခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရိုးရာအမွေအနှစ်တစ်ခုဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုနှင့်အတူ ပူးတွဲရပ်တည်လာခဲ့သည့် ဆေးပညာရပ်တစ်ခုဖြစ်သည်။ ရှေးမြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများက တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခဲ့ကြသောကြောင့် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ ကျန်းမာအသက်ရှည်ခဲ့ကြသည်။

မျိုးဆက်သစ် လူငယ်တိုင်းရင်းဆေးပညာရှင်များအနေဖြင့် ရှေးသမားတော်များက ပေးအပ်ခဲ့သော တိုင်းရင်းဆေးပညာအမွေအနှစ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူလူထုကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ပိုမိုစောင့်ရှောက်ပေးခြင်းသည် ရှေးမြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ကျေးဇူးကို ဆပ်ရာရောက်ပါသည်။ ထို့ကြောင့် ရှေးမြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများ၏ ကျေးဇူးတရားများကို အောက်မေ့သတိရသောအားဖြင့် မှတ်တမ်းတင် ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

# ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတိရစ္ဆာန်များ ပြန်လည်ဖြည့်ဆည်းပေးအပ်

နေပြည်တော် မတ် ၁၁

ရာဂီမုန်တိုင်းအရှိန်ဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် မွေးမြူရေးတိရစ္ဆာန်များ အစားထိုးပြန်လည်မွေးမြူနိုင်ရေးနှင့် မွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ကြစေရန် နိုင်ငံတော်အစိုးရက ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်၌ မွေးမြူရေးတိရစ္ဆာန်များ ပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင်ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် မွေးမြူရေးတိရစ္ဆာန်များ၊ ကောက်ပဲသီးနှံများ၊ အဆောက်အအုံများကို ကဏ္ဍအလိုက် ပြန်လည်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တွင် ဆုံးရှုံးရသည့် မွေးမြူရေးတိရစ္ဆာန်ကောင်ရေများ ပြည့်မီအောင် ဖြည့်ဆည်းပေးလျက်ရှိရာ ယနေ့တွင် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်မှ မွေးမြူသူ ၅၅ ဦးအတွက် ဒေသန္တားအကောင် ၁၁၀ ကိုထောက်ပံ့ပေးအပ်သွားမည်ဖြစ်ရာ မွေးမြူရေးတောင်သူများ အနေဖြင့်လည်း ပြန်လည်ရရှိသည့် မွေးမြူရေးတိရစ္ဆာန်များကို တိုးပွားလာစေရန်နှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများ တိုးတက်လာရေး ကြိုးပမ်းပေးကြရန် အားပေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သဘာဝဘေးရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတောင်သူ



၅၅ ဦးအတွက် ဒေသန္တားအကောင် ၁၁၀ ကို ပေးအပ်ကြပြီး မွေးမြူရေးတောင်သူများကိုယ်စား အနော်ရထာ ရပ်ကွက် အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

သတင်းစဉ်



## သန်လျင်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် မတ် ၁၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် သန်လျင်လူငယ်သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်သင်တန်း ကျောင်းအုပ်ဆရာကြီး ဦးဒိုင်ဒိုဒါးက လူငယ်များအတွက် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရေး၊ လူငယ်များ၏ အတွေးအခေါ်ကောင်းများ ရရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုလို ကျင်းပပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် စကားဝိုင်းကိုကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စမ်းစမ်းစိမ့်က ဆောင်ရွက်ပြီး လူငယ်နှင့်အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်များဖြင့် အပြန်အလှန် ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသော လူငယ်များ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

## နတ်တလင်းခရိုင် မြို့နယ်များရှိ ပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ ချပြရှင်းလင်း

နတ်တလင်း မတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့မှ နတ်တလင်းခရိုင်အတွင်း မြို့နယ်များရှိ ပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများချပြရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အထက(နတ်တလင်း) မနောဟာဒယခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသားအားလုံး အကျုံးဝင်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ပြည်သူ့စစ်မှုထမ်းတို့၏ခံစားခွင့် စသည့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေပါ အချက်များကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

## လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေး

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် EO Yangon Garment Co.,Ltd မှ အာမခံအလုပ်သမား ဒေါ်မာမာဝေ၏ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားကာ အာမခံအလုပ်သမား ဒေါ်မာမာဝေ၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၁၃၄၁၀၀၀၀ ကို သေဆုံးသူ၏ ညီမဖြစ်သူ ဒေါ်မာမာစိန်ထံသို့ အလုပ်ဌာနတာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ မိသားစုဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**



## ရမည်းသင်းမြို့ လူမှုထူးချွန်စာကြည့်တိုက်တွင် နွေရာသီပန်းချီသင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး မတ် ၁၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သီလဝလမ်းရှိ လူမှုထူးချွန်စာကြည့်တိုက်တွင် နွေရာသီပန်းချီသင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

**အမှတ်တရလက်ဆောင်များပေးအပ်**

ဦးစွာ လူမှုထူးချွန်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေ(ပညာရေး-ငြိမ်း)က နွေရာသီပန်းချီသင်တန်း ဖွင့်လှစ်သင်ကြားပေးရသည့် ရည်ရွယ်ချက်နှင့် စာကြည့်တိုက်မှ ရှေ့ဆက်ဆောင်ရွက်သွားမည့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းအတွက် မတည်အလှူရှင် ဦးပေါ်လွင်+ဒေါ်မူမူအေး၊ အာဟာရဒါနလှူဒါန်းကြသောအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး သင်တန်းနည်းပြ ဦးအောင်စိုး(ရမည်းသင်း)၊ အတ်ကလေး(သီလဝမြေ)တို့အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ပန်းချီသင်တန်းတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုထူးချွန်စာကြည့်တိုက် ကော်မတီအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူမိဘများ တက်ရောက်ကြကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)
## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## အမှတ်(သ-၁၅/၂၄) ၁၁၅လမ်းနှင့် ၇၄(A) လမ်းထောင့်၊
## ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
## အိတ်ဖွင့်လေလံကြော်ငြာအမှတ် (၀၁/၂၀၂၅-၂၀၂၆)(၁၂-၀၃-၂၀၂၅)
## အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်) ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ပိုင် အမှတ်(သ-၁၅/၂၄) ၁၁၅လမ်းနှင့် ၇၄(A) လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ရှိ မော်တော်ယာဉ် များကို အောက်ပါ အစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချ မည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

အိတ်ဖွင့်လေလံရောင်းချမည့် နေ့ရက် - (၂၄-၀၃-၂၀၂၅) (တနင်္လာနေ့)

အိတ်ဖွင့်လေလံရောင်းချမည့် အချိန် - နံနက် ၁၀:၀၀ နာရီ

အိတ်ဖွင့်လေလံရောင်းချမည့် နေရာ - အမှတ်(သ-၁၅/၂၄) ၁၁၅လမ်းနှင့် ၇၄(A) လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့

(ခ) အိတ်ဖွင့်လေလံရောင်းချမည့် ပစ္စည်းများမှာ ပူးတွဲပါအတိုင်းဖြစ်ပါသည်။

| Sr. | Plate No. | Make & Model | Model Year | Vehicle Type | Color | "Use Character" | Minimum Bid Price (MMK) |
|---|---|---|---|---|---|---|---|
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၅၀၆၀၄၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်(၇)၊ ဗိုလ်ခနဲ့(၃)လမ်း၊ မြေကွက်အမှတ်-(၃၄၈/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀'x၆၀')ရှိ ပါမစ်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မိမိတရားဝင်ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်လှဲ့ယဉ်မွန် [၇/ကပတ(နိုင်)၀၆၉၇၅၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိစိုး [၇/ကဝန(နိုင်)၁၀၇၁၇၁]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B, DBL, DIL, DIR**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အမှတ်(၂၉)နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစောအောင် [၁၂/သကတ(နိုင်)၀၉၂၇၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအိမ်ရာစီမံကိန်း၊ အပိုင်း(၂)ရှိ တိုက်အမှတ်(၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်တိုက်ခန်းအား မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ဒေါ်ဂျစ်တူး အမည်ဖြင့် ချထားပေးသော တိုက်ခန်းဖြစ်ပြီး တိုက်ခန်းရောင်းချသူ ဒေါ်ဂျစ်တူး [၁၀/ခဆန(နိုင်) ၁၀၃၄၅၁]မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်လာပြီး လိုအပ်သလို စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲသဲဦး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၇၇/၂၀၂၂)**
**အမှတ်(၂၀)၊ နေလအိမ်ရာ၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၁၇)၊ တတိယထပ်၊ (၄)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခန်း၊ အလျား(၁၁ ½)ပေ x အနံ(၄၈)ပေရှိ တိုက်ခန်းနှင့် ရေ/မီးအစုံအပါအဝင် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးတင်လှိုင်[၁၂/တမန(နိုင်)၁၀၀၄၀၅]ဆိုသူထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်သန္တာဝင်း** | **ဦးစိုးအောင်** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၂၉၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၁၄)** |

**အမှတ်(၁၆၀)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊**
**အလုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၂၂၃၇၉၆၊ ၀၉-၂၅၄၀၆၁၄၆၉၊**
**၀၉-၇၉၁၉၄၇၁၂၉၊ ၀၉-၄၄၃၀၀၂၆၀၇**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ လူနေရပ်ကွက် အမှတ် (၄/တောင်)၊ မြေကွက်အမှတ်(၃၆၈/က)၊ မြေကွက်လိပ်စာ အမှတ်(၃၆၈/က)၊ မြို့မ(၉)လမ်း၊ ၄/တောင် ရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သော ဦးလှတင်(RGN-011848)အမည်ဖြင့်မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ဒေါ်ညိုညိုသိမ့် [၁၂/ခရန(နိုင်)၀၉၄၄၄၁]မှ အရပ်ကတိအရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လာသော အိမ်၊ မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းသာလျှင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံ ကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ပပဝင်း [၇/ဖမန(နိုင်)၀၉၆၁၄၄]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပပဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နီလာဝင်း (LL.B)** | **ဒေါ်ဂျာရိန်အောင်ဘူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၉၂၃)** | **(စဉ်- ၅၅၅၆၀)** |

**အမှတ်(၂၃၉)၊ (၃၆)လမ်းအထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-778434507, 09-794077590**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃

| | | |
|---|---|---|
| ဒေါ်ဇာဇာဦး | နှင့် | ဦးရဲနောင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ ခေါင်းရင်းခန်း၊ ၅-လွှာ၊စတုတ္ထထပ်၊ အမှတ်(၅၅)နေ ဦးရဲနောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြွင်းလင်းမယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်နေ့ (၁၃၈၆ ခုနှစ် တပေါင်းလဆုတ် ၈ ရက်)နေ့ နံနက်(၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၁၀)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊ မြေကွက်အမှတ်-၁၀၂၇/က၊ ဧရိယာ(၂၀'x၆၀') မြေကွက်တည်နေရာအမှတ်(၁၀၂၇/က)၊ ထူပါရုံ(၅)လမ်းအနောက်၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ် ဦးစန်းမောင် (CE-၀၀၄၆၇၆) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်စုမြတ်ခိုင်မှ တရားလိုပြုလုပ်အမည်ပေါက် ဦးစန်းမောင်(ခ)ဦးစံမောင်၊ ဒေါ်တင်ကြည်တို့အား တရားပြိုင်ထားကာ သာကေတမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၁၃/၂၀၂၄ ဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂ အရ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့မှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၁-၂-၂၀၂၄)ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၁၇/၂၀၂၄ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၈-၃-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ သာကေတမြို့နယ်တရားရုံး၏ (၉-၄-၂၀၂၄) ရက်စွဲပါစာအမှတ်၊ ၃၁၁/ဇာရီ ၁၇/၂၀၂၄ ဖြင့် တရားနိုင်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာတွင် တရားရှုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး [၁၂/ဥကတ(နိုင်)၁၄၈၈၅၇]က လက်မှတ်ရေးထိုးမည်ဖြစ်ပါ၍ လိုအပ်သော မြေပုံ၊ မြေရာဇဝင်များ ကူးယူခွင့်ပြုပါရန် ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၂/ယမုံနာ ၁၊ မြေကွက်အမှတ်-P-52/B၊ ဧရိယာ (၀.၀၃၄)ဧက၊ မြေကွက်တည်နေရာအမှတ်-P-52/B၊ ယမုံနာရိပ်မွန်အိမ်ရာ၊ သဘော်ကျင်းလမ်း၊ ယမုံနာ ၂ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးညီညီဦး [၁၂/ကမရ(နိုင်)၀၀၈၄၆၂] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးညီညီဦး [၁၂/ကမရ(နိုင်)၀၀၈၄၆၂] ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၁၈၁၉/၂၀၁၀ (၃-၆-၂၀၁၀) ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နီနီမြင့်၊ ဒေါ်မွန်မွန်မြင့်တို့တွင် ဒေါ်နီနီမြင့် (အစ်မ)သည် (၂၂-၆-၂၀၁၈) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်မွန်မွန်မြင့် [၁၂/စခန (နိုင်) ၀၄၂၀၄၄] မှ အစ်မ ဖြစ်သူ ဒေါ်နီနီမြင့်သည် အပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်သွားခဲ့ကြောင်း ဒေါ်နီနီမြင့် နှင့် ဒေါ်မွန်မွန်မြင့်တို့ ဝယ်ယူပိုင်ဆိုင်ထားခဲ့သော အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အနက် အစ်မဖြစ်သူ ဒေါ်နီနီမြင့် ၏ပိုင်ဆိုင်ခွင့်အစုအား ကျန်ရစ်သူ တစ်ဦးတည်းသောညီမအရင်းဖြစ်သူ ဒေါ်မွန်မွန်မြင့် တစ်ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နှစ် (၆၀) ဂရန်မူရင်း၊ ဒေါ်နီနီမြင့်၏ သေဆုံးမှုလက်မှတ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာပါသည်။ အဆိုပါမြေကွက်၏ မြေစာရင်းမှတ်ချက် (၁) ရှိ ၂၀၀၉ ခုနှစ် အရောင်းမြေပုံကူး လျှောက်ထားခဲ့ခြင်းနှင့် မြေစာရင်းမှတ်ချက် (၃) ရှိ ၂၀၁၀ ခုနှစ် အမည်ပြောင်းလျှောက်ထားခဲ့ခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရန် ဤဌာနမှအကြောင်းကြားခဲ့မှုအပေါ် ၂၀၀၉ ခုနှစ်တွင် ဦးညီညီဦးမှ အရောင်းအဝယ်ပြုလုပ်နိုင်ရန် လျှောက်ထားခဲ့ခြင်းဖြစ်သော်လည်း အဆိုပါမြေပုံမြေရာဇဝင်ကိုမူ ထုတ်ယူခဲ့ခြင်းမရှိပါကြောင်း၊ ၂၀၁၀ ခုနှစ်တွင် ဒေါ်မွန်မွန်မြင့်၊ ဒေါ်နီနီမြင့်တို့မှ အရောင်းအဝယ်စာချုပ်တင်ပြ၍ အမည်ပြောင်းလျှောက်ထားခဲ့သော်လည်း အစ်မဖြစ်သူ ဒေါ်နီနီမြင့်၏ ကျန်းမာရေးအခြေအနေကြောင့် ပြီးဆုံးသည်အထိ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါကြောင်း (၇-၂-၂၀၂၅) ရက်စွဲပါစာဖြင့် ရှင်းလင်းတင်ပြလာပါသည်။ အထက်ဖော်ပြပါအတိုင်း ဒေါ်မွန်မွန်မြင့်မှ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ချိုချိုဟန် [၁၂/သဃက(နိုင်)၀၇၄၄၃၃]နှင့် အများသိစေရန်

(၇-၁၀-၂၀၂၁) ရက်စွဲပါ ဒေါ်ချိုချိုဟန်နှင့် ဒေါ်စုဝေဖြိုး [၁၂/အလန(နိုင်)၀၄၄၂၉၆] တို့ ပြုလုပ်ထားသည့် "အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်" သည် ဝယ်ယူသူဟု ဖော်ပြခံရသူ ဒေါ်စုဝေဖြိုးမှ သိရှိခြင်းမရှိကြောင်း၊ လက်မှတ်ရေးထိုးခဲ့ဖူးခြင်းမရှိကြောင်း၊ အကြောင်းကြားလာပါသဖြင့် မဟာဗန္ဓုလ (Notarial Services)မှ ဘာသာပြန်ဆိုထားသော စာချုပ်အား ကျွန်ုပ်လက်မှတ်ရေးထိုးပြုလုပ်ပေးခဲ့သည့် (၂၇-၁၂-၂၀၂၂) ရက်စွဲပါ မှတ်ပုံတင်အမှတ် (15239/2022)ကို နိုတြီပဗ္ဗလစ်၏မှတ်ပုံတင်စာရင်းတွင် ပယ်ဖျက်လိုက်ပြီးဖြစ်ပါကြောင်း ဒေါ်ချိုချိုဟန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီတင် (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် လိုင်စင်အမှတ်-၁၉၉၅/၁၉၈၀**
**အမှတ် (၈၉)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၈၃၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၈၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်-၉၆၊ မြေဧရိယာ(အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်သည် ဒေါ်ဥမ္မာ [၁၂/ပဇတ(နိုင်)၀၀၄၃၅၄]အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူထားသူ ဒေါ်ခင်စန္ဒာကျော် [၁၄/ကလန(နိုင်)၁၃၈၃၄၁]က ၎င်းသာ တရားဝင်ရောင်းချပိုင်ခွင့်ရှိပြီး အပေါင်အနှံ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထွေးတင်[၁၁/မအန(နိုင်) ၀၀၈၅၂၀]မှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းချသူ ဒေါ်ခင်စန္ဒာကျော်[၁၄/ကလန(နိုင်)၁၃၈၃၄၁]ထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါရှိသည့်နေ့ရက်မှစ၍ (၃)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထွေးတင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်ဇင်နိုင် (LL.B), D.B.L** | **ဦးချစ်စန်းနိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၉၂)** | **အထက်တန်းရှေ့နေ(စဉ်-၃၉၇၁၄)** |

**အမှတ်(၁၁၄၄)၊ အောင်သုခ(၂၁)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**(ဖုန်း-၀၉-၂၅၄၄၈၆၅၅၈၊ ၀၉-၂၅၄၁၁၀၆၈၈)**

## (၂-၃-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၇ ပါ ဒေါ်ခင်သီတာအောင် [၁၂/လမတ(နိုင်)၀၀၃၉၀၂]၏လွှဲအပ်ညွှန်ကြားချက်အရ ဦးခင်မောင်သန်း(လမ်းမတော်)တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၅၉) မှ "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း" ခေါင်းစဉ်ဖြင့် "ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ တိုးချဲ့(၁)လမ်း၊ အမှတ်(၁၁၈၉)တွင်ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အဦ၏ မြေညီအပေါ်(မှန်ခန်း) တိုက်ခန်း"နှင့်ပတ်သက်၍ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်စန်းဝင်း(ခ)လက်ချမီး၊ ဒေါ်စန်းစန်းအေး(ခ)မဆန်းဒါး၊ ဒေါ်လှလှဝင်း(ခ)မဆန်းဒရားတို့၏လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းတို့၏ ကြေညာချက်အပေါ် အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်-

လူကြီးမင်းတို့၏ကြေညာချက်ပါ "ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ တိုးချဲ့(၁)လမ်း၊ အမှတ်(၁၁၈၉)တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အဦ၏ မြေညီအပေါ်(မှန်ခန်း)တိုက်ခန်းမှာ ကျွန်ုပ်တို့မိတ်ဆွေများမှ လူကြီးမင်း ဒေါ်ခင်သီတာအောင်ထံမှ ချေးငွေရယူသူ ကိုရာဂျား၏ကိုယ်စား အာမခံ၍ တိုက်ခန်းအရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးခဲ့သောတိုက်ခန်းဖြစ်ပြီး ယင်းသို့ချုပ်ဆိုပေးခဲ့သည့်အပေါ် လူကြီးမင်းတို့မှ ဖြစ်စဉ်အမှန်အား မျက်ကွယ်ပြု၍ ကြေညာထားသော ကြေညာချက်သာဖြစ်ကြောင်း ဦးစွာရှင်းလင်း သိစေအပ်ပါသည်။

ထို့ပြင် အထက်ဖော်ပြပါတိုက်ခန်းမှာ ယနေ့တိုင် ဖြစ်ထွန်းခြင်းမရှိသေးသော တိုက်ခန်းဖြစ်ကြောင်းနှင့် BCC (လူနေထိုင်ခွင့်လက်မှတ်) ရရှိပြီးသည့်အချိန်မှသာ ဆောက်လုပ်ရမည့်တိုက်ခန်းဖြစ်သည်ကို လူကြီးမင်း ဒေါ်ခင်သီတာအောင် သိရှိပြီးဖြစ်ပါလျက် ကျွန်ုပ်တို့မိတ်ဆွေများမှ ဒေါ်ခင်သီတာအောင်၏ တောင်းဆိုချက်အရပင် တိုက်ခန်းအရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးခဲ့ခြင်းသာဖြစ်ပြီး မြေရှင်များမှ လက်မှတ်ရေးထိုးပေးခဲ့ခြင်းမှာလည်း ဒေါ်ခင်သီတာအောင်၏ တောင်းဆိုချက်တစ်ခုတည်းဖြင့်သာ လက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်ပါသည်။ လူကြီးမင်းတို့၏ ကြေညာချက်ပါ (၂၃-၈-၂၀၂၄) နေ့စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်မှာ ဒုတိယအကြိမ် လူကြီးမင်း ဒေါ်ခင်သီတာအောင်နှင့် အကျိုးဆောင်ရှေ့နေတို့မှ ကျွန်ုပ်တို့မိတ်ဆွေများ အမှန်တကယ်ရယူထားသော ငွေကျပ်သိန်း(၁၅၀)အပေါ်တွင် အတိုးငွေများတွက်ချက်၍ ထပ်မံချုပ်ဆိုထားသော စာချုပ်ဖြစ်သည်ကို သိရှိပြီးဖြစ်ပါလျက် ဒေါ်ခင်သီတာအောင်မှပေးအပ်သည့် လွဲမှားသောညွှန်ကြားချက်များအပေါ် ကြေညာခဲ့သည့် လူကြီးမင်းတို့၏ကြေညာချက်မှာ ကျွန်ုပ်တို့မိတ်ဆွေများ၏ ဂုဏ်သိက္ခာအား များစွာထိခိုက်နစ်နာစေသော ကြေညာချက်ဖြစ်၍ ယခုကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကြီးမင်းတို့၏ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးစေလိုကြောင်း တိကျစွာ သိစေအပ်ပါသည်။

သို့ဖြစ်ရာ ယနေ့တိုင်လက်ဝယ်ထားပိုင်ဆိုင်ထားသူ ကျွန်ုပ်တို့မိတ်ဆွေများ၏ တိုက်ခန်းအား ထပ်မံ၍ ကျွန်ုပ်တို့မိတ်ဆွေများ သိရှိသဘောတူညီခြင်းမရှိဘဲ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်းတို့အား လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းဝင်း(ခ)လက်ချမီး၊ ဒေါ်စန်းစန်းအေး(ခ)မဆန်းဒါးနှင့်**
**ဒေါ်လှလှဝင်း(ခ)မဆန်းဒရားတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နီလာဝင်း (LL.B)** | **ဒေါ်ဂျာရိန်အောင်ဘူ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)** | **အထက်တန်းရှေ့နေ(စဉ်- ၅၅၅၆၀)** |

**အမှတ်(၂၃၉)၊ (၃၆)လမ်း အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-778434507, 09-794077590**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ (၂၁)ရပ်ကွက်၊ ပေါက်ကံ (၂) လမ်း၊ အမှတ်(၈၅/က)၊ မြေအကျယ်အဝန်း(အလျား၂၀xအနံ၆၀)ပေရှိမြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးဘိုလေး [၁၂/ဥကမ(နိုင်)၀၉၀၀၀၆]အမည်ဖြင့်မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားသော မိခင် ဒေါ်ခင်ကြည်[၁၂/လမန(နိုင်)၀၈၂၆၆၄](ကွယ်လွန်)၏ သားသမီးများဖြစ်ကြသော ဦးထွန်းလင်းဦး[၁၂/ဥကမ(နိုင်)၁၈၁၈၆၁]၊ ဒေါ်သန်းသန်းအေး[၁၂/ဒဂမ(နိုင်)၀၀၈၅၄၉]၊ ဦးအောင်မျိုးလင်း[၁၂/ဒဂမ(နိုင်)၀၀၈၅၅၀]၊ ဒေါ်သန်းသန်းမြင့်[၁၂/ဒဂမ(နိုင်)၀၀၈၅၅၁]၊ ဦးထွန်းဝင်းအောင်(မှတ်ပုံတင်-ပြုလုပ်ဆဲ)၊ မောင်ဇော်မြင့်(ခ)ရှင်ဇာနေယျ [၁၂/လကန(သ)၀၀၃၆၀၃]၊ မမြင့်မြင့်အေး[၁၂/ဥကမ(နိုင်)၂၆၃၀၆၁]တို့မှ အားလုံးသိရှိပြီး ၎င်းမြေနှင့်အိမ်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိပါကြောင်းနှင့်ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရတနာလမ်း၊ ရတနာလမ်းသစ်အိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ် ( ၄၀၂ )ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးနေဝင်း[၉/တကန(နိုင်) ၀၀၄၇၃၅]ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်လားထားမွန်နီး[၅/တမန(နိုင်)၀၅၄၂၅၉]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ စီဘလောက်(၁၀)လမ်း၊ တိုက်(၃၂)၊ အခန်း(၂၀၃)၊ ဒုတိယထပ် တိုက်ခန်းအား ရောင်းချသူ ဦးထက်လင်းရန်အောင်ထွန်း မှတ်ပုံတင်အမှတ်[၁၂/သဃက(နိုင်)၂၁၀၇၃၀]ထံမှ ဒေါ်ဝင်းဝင်းရီ [၁၁/စတန(နိုင်)၀၈၀၁၆၂]က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ**
**ဒေါ်ဝင်းဝင်းရီ [၁၁/စတန(နိုင်)၀၈၀၁၆၂]**
**Ph:09-44708870**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီမြို့သစ်ရပ်ကွက် အဆင့်(၁)၊ သုခအောင်လမ်း၊ မြေကွက်အမှတ်(၁၃၃၄)နှင့် မြေကွက်အမှတ်(၁၃၃၅)၊ မြေအကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀)ရှိသော (၂)ကွက်တွဲ မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သက်ထား[၅/ကလထ(နိုင်)၀၀၁၄၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချမ်းမြအေး[၈/ရစက(နိုင်)၁၅၉၉၀၇]က အပြီးအပိုင် ဝယ်ယူရန်အတွက် မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်ထားများနှင့် တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ မြေကွက်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချမ်းမြအေး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးမာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၈၀၅)**
**အမှတ်(၈၆)၊ ဒုတိယထပ်၊ ၄၉လမ်း(အလယ်)၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၂၅၂၃၄၀၊ ၀၉-၇၆၆၁၇၄၉၅၀**

## အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့၊ ရွှေဆံတော်ရပ်ကွက်၊ ဘုရင့်နောင်(၆)လမ်း၊ မြေကွက်အမှတ်(၂၃၂)၊ မြေအကျယ်အဝန်း(ပေ ၂၀ x ပေ ၆၀) (မူလမန်းကွင်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၅-၁၂-၂၀၂၃)ရက်နေ့တွင် "အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆို၍ ဦးသန်းဆွေ [၁၂/ကတန(နိုင်)၀၁၇၆၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းငြိမ်းအေး[၁၂/ကမန(နိုင်)၀၈၅၇၇၆]ကဝယ်ယူပိုင်ဆိုင်ခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေသာလျှင် ယင်းမြေကွက်အား ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ပါသည်။ သို့ဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကမျှသော် လည်းကောင်း၊ မည်သည့်အဖွဲ့အစည်းတစ်ခုခုကမျှသော်လည်းကောင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ အမည်ပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများအပြင်၊ ယင်းခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေကို အသိပေးအကြောင်းကြားခြင်းမရှိဘဲ ပြုလုပ်ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းငြိမ်းအေး ၏ လွှဲအပ်ချက်အရ -**
**ဒေါ်အေးအေးမာ (LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၈၀၅)**
**အမှတ်(၈၆)၊ ဒုတိယထပ်၊ ၄၉လမ်း(အလယ်)၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၂၅၂၃၄၀**

## "သက်ဆိုင်ပါက ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ (၁၉)လမ်း၊ တိုက်အမှတ်-၁၀၈၊ (၂)ခန်းတွဲ ဟောင်ကောင်၅ထပ်တိုက်၏ (၈-လွှာ)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၂ ½ ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်စိန်[၁၀/မလမ(နိုင်) ၀၆၀၆၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအပါအဝင်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ သက်ဆိုင်ပါက ကန့်ကွက်လိုပါလျှင် ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေမီစော (LL.B,DIPL,PGDL )**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၂၆၃)**
**အမှတ်-၅၆၅၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃-/စီ)၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၃၇၂၄၈၂၄၊ ၀၉-၇၉၅၃၉၉၆၃၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၃)၊ ဦးပိုင်အမှတ်(၅၂-က+၅၂-ခ)အတွင်းမှ ခဲစင်းပြ(၅၂-ခ/ခဲစင်း)၊ ၃၆-လမ်း၊ ၇၇x၇၈လမ်းကြားရှိ ဒေါ်တင်ကြည်၊ ဦးကောင်းလွင်၊ ဒေါ်သိန်းသိန်း၊ ဦးသောင်း အမည်ပေါက် ဘိုးဘမြေကွက်အား ပူးတွဲအမည်ပေါက်သူ ဦးကောင်းလွင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၆၆၃/၁၉၉၉)ဖြင့် ဒေါ်တင်ကြည်၊ ဒေါ်မြသန်း (ဦးကောင်းလွင်ဇနီး)၊ ဒေါ်သိန်းသိန်း၊ ဦးသောင်းတို့က အမွေဆက်ခံခဲ့ပြီး ၎င်းတို့(၄)ဦးအနက် ဒေါ်မြသန်းပါ (၃)ဦးထံမှ မှတ်ပုံတင် စွန့်လွှတ်စာချုပ်အမှတ်(၁၆၆၅/၁၉၉၉)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်တင်ကြည် [၉/မရတ(နိုင်)၀၅၇၅၆၅]၏ (SP ရရှိသူဒေါ်ရင်မြ)က အမှုတွဲအမှတ်(၀၈၂၇/ဘ(ခွဲ/ပြောင်း/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ-၂၂)

## မင်္ဂလာဒုံခရိုင်တရားရုံး

## ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅ နှင့်ဆက်နွှယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၃

| | |
|---|---|
| **ဦးအောင်ဟန်** | **ဒေါ်စန်းစန်းနိုင်** |
| **(ကွယ်လွန်သူဦးမျိုးဟန်၏** | **(ကွယ်လွန်သူဦးလှထွန်းအောင်၏** |
| **တရားဝင်ကိုယ်စားလှယ်)** | **တရားဝင်ကိုယ်စားလှယ်)** |
| **(တရားနိုင်)** | **(တရားရှုံး)** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၇)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၈၀/ခ)နေ ဒေါ်စန်းစန်းနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်ဟန် (ကွယ်လွန်သူဦးမျိုးဟန်၏ တရားဝင်ကိုယ်စားလှယ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၅)ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၇)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိအိမျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၃၂+၃၄) တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ၃)၊ မြေကွက်အမှတ်(၁၁၂+၁၁၃)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား-နှစ်(၆၀) မြေငှားဂရန်၊ မြေအမည်ပေါက် ဒေါ်ဌေးဌေး[၁၂/ဒဂန(နိုင်)၀၀၉၅၄၂]မြေကွက်အား မြေအမည်ပေါက် (မိခင်)ဒေါ်ဌေးဌေးသည်(၂၂-၁၁-၂၀၂၄)ရက်နေ့တွင် လည်းကောင်း၊ (ဖခင်) ဦးကျင်ဟုတ် (ခ)ဦးတီကျင်ဟုတ်သည်(၂၆-၅-၂၀၀၀) ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြောင်း၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ကြောင်း ၎င်းတို့မှ သား၊သမီးများဖြစ်သော ဦးမြင့်ငြိမ်း၊ ဒေါ်သန်းဦး၊ ဦးဉာဏ်လင်းတို့ ညီအစ်ကို (၃)ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြားကိတ္တိမသား၊ သမီး မွေးစားထားခြင်းလည်းမရှိပါကြောင်း၊ မိဘများကွယ်လွန်ပြီးချိန်မှစ၍ ဖော်ပြထားသော မြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်ဖြစ်သူ မိခင်ဒေါ်ဌေးဌေး၏ သား၊ သမီးများဖြစ်ကြသော ဦးမြင့်ငြိမ်း[၁၂/ဒဂန(နိုင်)၀၂၂၂၄၈]၊ ဒေါ်သန်းဦး[၁၂/ဒဂန(နိုင်)၀၂၄၆၂၄]၊ ဦးဉာဏ်လင်း[၁၂/ဒဂန(နိုင်)၀၀၀၇၉၅]တို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အမွေဆက်ခံသူမရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတွင်ကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်-၁၀၇၁/၂၀၂၅ (၃၀-၁-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆည်တော်လမ်း၊ မြေကွက်အမှတ်(၄၈၇)၊ မြေအကျယ်အဝန်း(၄၀ပေ × ၆၀ပေ)အနက်မှ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၄၈၆)နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးတင်မောင်ဗိုလ်(MTA - ၁၅၉၃၆၈) (၁၂/လကန(နိုင်) ၀၀၃၉၁၂)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးသန်းစိုး (၁၂/လသန(နိုင်) ၀၀၀၂၆၈)သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဥ် - ၁၆၅၅၄) | အထက်တန်းရှေ့နေ (စဥ် - ၅၃၃၄၄) |
| **ဦးတိုးဝေနိုင် (LL.B)** | **ဒေါ်ဥသြခင်(ခ)ဥမ္မာသိန်း(LL.B)** |
| အထက်တန်းရှေ့နေ (စဥ် - ၅၅၉၁၃) | အထက်တန်းရှေ့နေ (စဥ် - ၅၃၈၇၈) |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊ ၀၉-၄၄၅၆၅၉၀၁၇

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၄၊ မြေကွက်အမှတ်- (၈၉၁+၉၀)/က၊ ဧရိယာ- ၀. ၀၄၄ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်ကြည်ကြည်စန်း (၉/မရတ (နိုင်) ၀၃၉၃၉၂) ၏ အမည်ပေါက်သောမြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၄) ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်- (၈၉၁+၉၀)/က ဟုခေါ်တွင်သည့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်စန်း ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဥ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇေယတိကလမ်း၊ တိုက်အမှတ်(၇၄၈)၊ RCနှစ်ခန်းတွဲ(၈)ထပ်တိုက်၏ သတ္တမထပ်(၈)လွှာA(ခြေရင်းခန်း)ဟု ခေါ်တွင်သည့်အကျယ်အဝန်း (အလျား၁၇ပေxအနံ၄၉ပေ)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးကျော်စွာထွန်း(ပြုံးပန်းဝေဆောက်လုပ်ရေး) ကန်ထရိုက်တာလိုင်စင်အမှတ်(L.C-626)[၁၄/ပသတ(နိုင်)၀၀၃၉၆၅]ထံမှ ကြိုပွိုင့်စနစ်ဖြင့်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးနေလင်းထွန်း[၁၂/ဗတထ(နိုင်)၀၃၅၀၆၆]က တိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိကျော် (LL.B, D.B.L, D.I.L, D.I.P.L, DL-101) WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၉၃၇)**
**အမှတ်-၉/၁၁၊ မြေညီ၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၁)ရပ်ကွက်၊ ကနောင်လမ်း၊ အမှတ်(၁/၁၃၁)ဟု ခေါ်တွင်သော ဒေါ်အေးကြိုင်-အမည်ပေါက်ဂရန်မြေဖြစ်ပြီး အလျား(၃၀)ပေxအနံ(၅၀)ပေ ပေါ်တွင် အလျား(၂၇)ပေx အနံ(၄၈)ပေ အကျယ်အဝန်းရှိ (၆)ထပ်တိုက်(RC)ရင်ကွဲ၊ ဆောက်လုပ်ဆဲ ကြိုပွိုင့်စနစ်ဖြင့် ပဉ္စမထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၃.၅x၄၈)ပေ တိုက်ခန်း(၁)ခန်း၊ ရေ၊ မီး အပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တိုက်ခန်းရောင်းချသူ ဒေါ်အေးစန်းမှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အိမ့်ချိုးငယ်[၁၂/ဒဂဆ(နိုင်)၀၃၃၇၂၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိမ့်ချိုးငယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးလတ်(LL.B, WIPO-Switzerland) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၁၅၄)**
**အမှတ်(၅၀၅)၊ စံပယ်(၁)လမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၅၄၀၅၄၀၄၊ ၀၉-၇၆၄၄၁၀၁၁၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၂)လမ်း၊ အမှတ်(၇၆/က)ပေါ်တွင် ဆောက်လုပ်ထားသော(၁)ခန်းတည်း၊ (၆)ထပ်တိုက်၏မြေညီထပ်၊ အကျယ်အဝန်း(၁၈ပေx၅၄ပေ)ရှိ RC တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် မြေရှင်ဒေါ်ခင်စန်းမြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြမြမိုး [၁၂/သဃက(နိုင်)၀၃၈၀၃၁]အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝင့်သီရိသူ[၁၂/စခန(နိုင်)၀၅၉၄၇၂]မှတိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B(စဥ်-၁၀၀၆၃)** | **LL.B,DBL(စဥ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း ၀၉-၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**ဦးကျော်မင်း**
**(အငြိမ်းစား ကျောင်းအုပ်ကြီး)**
**B.Sc. (Physics); Dip. Ed. (MU); Dip. Ed.; Applied Physics**
**(Osaka University, Japan)**
**အလက(တော့ဆန်၊ မိုင်းလုံ)၊ အလက(မိုးဖြဲ)၊ အလက(ဘန့်ဘွေး)၊ အလက(မူဆယ်)၊ အလက(၃)ကျောက်မဲ၊ အထက(ဟိုပန်)၊ အထက(အင်းတကော်)**
**အသက်(၈၁)နှစ်**
**(၂၀-၆-၁၉၄၃ - ၁-၃-၂၀၂၅ )**

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ (စာရေးဆရာကြီး စစ်ကိုင်း ဦးဘိုးသင်း-ဒေါ်ခ)၊ မြောင်မြို့နယ်၊ နဂါးပေါက်ရွာ(ဦးထွန်းမြတ်-ဒေါ်သစ်) တို့၏မြေး၊ [ဦးဘအေး-ဒေါ်စိန်ဇရင်(ခ)ဒေါ်ဇင်]တို့၏သား၊ ကျောက်မဲမြို့ (ဦးဝင်းလွင်-ဒေါ်ဆိုင်နွန်း)တို့၏ သားသမက်၊ (ဒေါ်နန်းမြင့်မြင့်အေး)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသောင်းလွင်- ဒေါ်နန်းမေသူမင်း၊ ဒေါ်နန်းအိအိဖြူမင်း၊ (ဒေါ်နန်းမိုမိုမင်း)၊ ဦးစည်သူသွင်-ဒေါ်နန်းနေခြည်မင်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ သီရိခမ်းဟော်၊ မောင်အောင်စေရ(Everest)၊ မောင်ပိုင်စေရ (Pi)တို့၏ အဘိုးသည် ၁-၃-၂၀၂၅ (စနေနေ့) နံနက် ၂:၄၅ နာရီတွင် Star City နေအိမ်၌ ၉၆ ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၅ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်းနှင့် ၅-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားနာခြင်းအား နေအိမ်တွင် ပြုလုပ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးရေချမ်း**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**တိုင်းဒေသကြီးတရားလွှတ်တော်**
**ရောဝတီတိုင်း(JO-7)**
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၆၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၈၂၈)၊ ဇေယျာလမ်း၊ (၄၃)ရပ်ကွက်နေ (ဦးငွေလွင်-ဒေါ်ခင်ခင်ရွှေ)တို့၏ သား၊ (ဦးမောင်ခင်-ဒေါ်စန်းရီ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ခင်၏ ချစ်လှစွာသော ခင်ပွန်း၊ မသိမ့်ဆုရတနာ(ပထမနှစ် ဥပဒေမဟာတန်း၊ YU)၊ မဖူးချစ်ရတနာ(ပထမနှစ် ဂုဏ်ထူးတန်း၊ နိုင်ငံတကာဆက်ဆံရေး၊ YU)တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးရေချမ်းသည် ၁၀-၃-၂၀၂၅ (တနင်္လာနေ့)ညနေ ၄:၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄/၅၊မြေကွက်အမှတ်-၁၀၁၈+၁၀၁၉၊ဧရိယာ(၀.၀၆၈)ဧက၊မြေကွက်တည်နေရာအမှတ်-၁၀၁၈+၁၀၁၉ ရောဝတီလမ်း၊(၄)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဒေါ်ကြည်ဝင်း(၁၂/အလန(နိုင်)၀၁၂၃၃၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဒေါ်ကြည်ဝင်း(၁၂/အလန(နိုင်)၀၁၂၃၃၅)(ဇနီး)သည်(၈-၁၂-၂၀၁၈)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့်ဦးအန်းကူ(ခ)ဦးအောင်မြင့်(၁၂/အလန(နိုင်)၀၁၂၃၃၄) မှတစ်ဦးတည်းသောတရားဝင်ခင်ပွန်းဖြစ်ကြောင်း၊အခြားသောခင်ပွန်း/ယောကျ်ားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊၎င်းသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာ၊ထပ်ဆင့်ကျမ်းကျိန်လွှာ၊ဂရန်မူရင်း၊သေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၇-သမိုင်း)၊မြေကွက်အမှတ်(၂/ဃ-၂-၂B)၊ဧရိယာ(၀.၁၁၈)ဧက၊မြေကွက်တည်နေရာအမှတ်(၉/B)၊ကုန်းမြင့်ရိပ်သာလမ်း၊သမိုင်းရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ဒေါ်ဌေးဌေး(၁၂/ဒဂန(နိုင်)၀၀၉၅၄၂)အမည်ပေါက်၊B-မြေပိုင်မြေ(အိမ်ယာမြေသတ်မှတ်)မြေအားအမည်ပေါက်မိခင်ဖြစ်သူဒေါ်ဌေးဌေးသည်(၂၂-၁၁-၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ဖခင်ဖြစ်သူဦးကျင်ဟုတ်(ခ)ဦးတီကျင်ဟုတ်သည်(၂၆-၅-၂၀၀၀)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်သဖြင့်သားသမီးများဖြစ်ကြသောဦးမြင့်ငြိမ်း(၁၂/ဒဂန(နိုင်)၀၂၂၄၈)၊ဒေါ်သန်းဦး(၁၂/ဒဂန(နိုင်)၀၂၄၆၂၄)၊ဦးဉာဏ်လင်း(၁၂/ဒဂန(နိုင်)၀၀၀၇၉၅)တို့မှသားသမီးအရင်းဖြစ်ကြောင်း၊မိမိတို့မောင်နှမ(၃)ဦးကိုသာမွေးဖွားခဲ့ကြောင်း၊အခြားကိတ္တိမသား/သမီးမွေးစားထားခြင်းလည်းမရှိပါကြောင်း၊မိမိတို့မောင်နှမ(၃)ဦးကသာတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျမ်းကျိန်လွှာအမှတ်-၁၀၆၇/၂၀၂၅(၃၀-၁-၂၀၂၅)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုစာရင်း၊အမည်ပေါက်စာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အုံးမြ**
**အသက်(၉၃)နှစ်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူဒီပရပ်ကွက်၊ ရာဇသင်္ဂဟအိမ်ရာ အမှတ်(၁)၊ ကျိုက်လတ်လမ်း၊ ခြံအမှတ်(၁၀၀၅)နေ (ဦးဘိုကြီး - ဒေါ်မလေး) တို့၏ သမီး၊ ဒေါ်ခင်အုန်းမြင့်၊ ဦးမင်းထိန်-ဒေါ်နှင်းသီတာအောင်ထွေး၊ ဦးသန်းထိုက်-ဒေါ်ချိုချိုထွန်း၊ ဒေါ်စောမာလာတို့၏ မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွား ဒေါ်အုံးမြသည် ၁၁-၃-၂၀၂၅ (အင်္ဂါနေ့) နံနက် ၇:၁၅ နာရီတွင် နေပြည်တော် ဥတ္တရသီရိဆေးရုံကြီး၌ (၉၆)ပါးသော ရောဂါဖြင့်ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၂-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော်၊ ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ကျွေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဒေါ်စုစုခင်**
**(အလယ်တန်းပြ-ငြိမ်း၊ အလက(၂)ပုဇွန်တောင်)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၄၇)၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်နေ ဦးဖေခင်-ဒေါ်ကြည်ကြည်တို့၏ သမီး၊ ဦးစံရှင်း-ဒေါ်အမာတို့၏ သမီးချွေးမ၊ ဦးဝင်းသိန်း၏ ချစ်လှစွာသောဇနီး၊ ဦးအောင်မြင့်မြတ်-ဒေါ်ခင်နီလာဝင်း၊ မေမြင့်မြတ်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ယွန်းမြတ်ပန်းအိမ်၊ သွန်းမြတ်ဟေသာတို့၏ ချစ်လှစွာသော အဘွား ဒေါ်စုစုခင် အသက် (၇၅)နှစ် (အလယ်တန်းပြ-ငြိမ်း၊ အလက-၂၊ ပုဇွန်တောင်)သည် ၁၁-၃-၂၀၂၅ (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြူ(မော်လမြိုင်)
## အသက်(၈၇)နှစ်

သူငယ်ချင်း ဒေါက်တာဝင်းမြင့်ထွန်း-ဒေါက်တာဝင်းဝင်းမော်တို့၏ မိခင် ဒေါ်ခင်ကြူ (မော်လမြိုင်) အသက်(၈၇)နှစ်သည် ၁၁-၃-၂၀၂၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ/ဆေးတက္ကသိုလ်-၂
(၁၉၈၄-၁၉၉၀)

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉-လမ်း၊ အမှတ် (၇)၊ ၂- ခန်းတွဲ ၈- ထပ်တိုက်မှ အကျယ်အဝန်း (၁၅x၅၀)ပေရှိ ပထမထပ် ( ၂-လွှာ ) တိုက်မျက်နှာမူလျှင် ( ယာ )ဟုခေါ်တွင်သည့် တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်စိန်[၅/ရဘန(နိုင်)၁၂၅၉၁၇]ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ချို [၅/ရဘန(နိုင်) ၁၂၅၉၁၈]မှ မိမိတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်း တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044,09-250674940**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/B(နံ့သာကုန်း)၊ မြေကွက်အမှတ်-၁၃/ဃ-၈-B၊ ဧရိယာ(၀.၀၄)ဧက၊ မြေကွက်တည်နေရာ အမှတ် - ၅၂၉/င၊ အဝေးရာ (၅)လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဒေါ်တင်ပြုံး[၉/မကန(နိုင်)၀၁၈၄၉၂]၊ အမည်ပေါက်၊ မြေပိုင်မြေ၊ လ/န-၃၉ (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် ဒေါ်တင်ပြုံး[၉/မကန(နိုင်)၀၁၈၄၉၂]ကိုယ်တိုင်မှ အမည်ပေါက်စာချုပ်ဖြစ်သော ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မြေနှင့်အဆောက်အဦအပြီးအပိုင် အရောင်းအဝယ်ပဋိညာဉ် စာချုပ်အမှတ်-၈၄၂/၂၀၁၅ (၉-၂-၂၀၁၅) (လက်ခံအမှန်)၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ မြေတိုင်း မြေပုံ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဘုရား ဒါယိကာမကြီး**
**ဆရာမကြီး ဒေါ်စိုးရီ**
**Gano Excel Myanmar**
**ရွှေတောင်မြို့**
**အသက်(၉၉)နှစ်**

ရွှေတောင်မြို့၊ ဖိုးခေါင်ရှမ်းတန်းနေ (ဦးဘချစ်-ဒေါ်ဖွားအိ) တို့၏ သမီး၊ (ဦးယဉ်ကြည်)၏ ဇနီး၊ (ဦးတင်ဦး -ဒေါ်လှရင်)တို့၏ အစ်မ၊ ဒေါ်နွယ်နွယ်စိုး (ရတနာအောင်တော်မူ သတ္တုတွင်းကုမ္ပဏီ)၊ ဒေါ်သဇင်မော်(ရတနာသခင် သတ္တုတွင်းကုမ္ပဏီ)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်စိုးရီသည် ၁၀-၃-၂၀၂၅ (တနင်္လာနေ့) ညနေ ၆:၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၂-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်တင်တင်ရီ (သန်လျင်)**
**ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ငြိမ်း)**
**အသက်(၇၁)နှစ်**

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အမှတ်(၁၈၂)၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ(ဦးမြမောင်-ဒေါ်အေးသင်)တို့၏ သမီး၊ (ဦးမောင်တင်)-ဒေါ်အုန်းမြင့်၊ ဦးမြင့်အေး-ဒေါ်မြင့်မြင့်ဦး၊ ဦးမြင့်ရွှေ-ဒေါ်ခင်မာကြည်တို့၏ ညီမ၊ ဦးဇော်ဝင်းလတ်(နေလ-လေထိုး-ကျွတ်ဖာ)၏ ဇနီး၊ ဦးခင်မောင်မြင့် (ကျေးလက်ဦးစီး-ငြိမ်း)-ဒေါ်ခင်ပြုံး၊ ဒေါ်စန်းစန်းမြင့်(အလယ်တန်းပြ-ငြိမ်း၊ အထက-၁၊ သန်လျင်)၊ ဦးမြင့်ကြိုင်(ရောဝတီတိုင်းမြေစာရင်းဦးစီးဌာနမှူး)-ဒေါ်ထိုက်ထိုက်၊ ဒေါ်တင်ပြုံးချစ် (လက်ထောက်ညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန-ရုံးချုပ်၊ နေပြည်တော်)တို့၏ အစ်မသည် ၁၁-၃-၂၀၂၅(အင်္ဂါနေ့) နံနက် ၁၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၅ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးညီညီ**
**အသက်(၇၀)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်မြသန်း)တို့၏ သား၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ(ဦးခင်မောင်-ဒေါ်ပို)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စွယ်တော်စီးတီးအိမ်ရာ၊ တိုက်(A)၊ အခန်း(၁၀၄)နေ ကိုညီညီငြိမ်းချမ်း (Uniteam Shipping)၊ မဟေမာညီညီ၊ ကိုဝင်းလှိုင်(JSM Shipping)-မဖြူပြာညီညီ၊ ကိုညီလင်းစိုး-မစန္ဒာညီညီ၊ ကိုရဲထွဋ်နိုင်-မဥမ္မာညီညီ၊ ကိုညီညီလင်းထက်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မအိန္ဒြေချမ်းမြေ့၊ မသဒ္ဒါချမ်းမြေ့၊ မောင်အောင်ကောင်းခန့်၊ မောင်ကောင်းသုတဉာဏ်တို့၏ အဘိုး၊ ဒေါ်နုနုစိန်၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၀-၃-၂၀၂၅ (တနင်္လာနေ့) မွန်းလွဲ ၁၂:၅၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၂-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ကောင်းမွန်စွာပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၂၅ (တနင်္ဂနွေနေ့) နံနက်တွင် ဘုရားအမှူးရှိသောပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စွယ်တော်စီးတီးအိမ်ရာ၊ တိုက်(A)၊ အခန်း(၁၀၄)နေ ဦးညီညီ-ဒေါ်နုနုစိန်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ တိုက်အမှတ်(B4)၊ (၁၁)လွှာ၊ အခန်းအမှတ်(1112)၊ Type (B)၊ အကျယ်အဝန်း (၉၃၈)စတုရန်းပေအကျယ်ရှိ မီနီကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်အရ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စောထက်မွန်[၁၂/ဥကမ(နိုင်)၂၀၆၈၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဦး (LL.B, D.B.L, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၇၆)**
**အမှတ်(၁၀၅၁)၊ ဖြူဟ္မစိုရ်လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၇၀၇၂၉**




**သက်ရှိကမ္ဘာ**
**ရှင်သန်ဖို့**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ်...**

❖ **၎င်းတို့ယာယီအားဖြင့်ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

## ပထဝီနိုင်ငံရေးအခြေအနေအရ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ရာတွင် စီးပွားရေးရှုထောင့်တစ်ခုတည်းမကြည့်ဘဲ နိုင်ငံရေးအနေဖြင့်လည်း ထည့်သွင်းစဉ်းစားသွားကြရန် လိုအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၁**

မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများ၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆**

## နယူးကာဆယ်အသင်း အမှတ်ပေးဇယားအဆင့်(၆)နေရာတက်လှမ်း



ပရီမီယာလိဂ်ပွဲစဉ် (၂၉)အဖြစ် မတ် ၁၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝက်စ်ဟမ်းအသင်းနဲ့ နယူးကာဆယ်အသင်းတို့ရဲ့ ပွဲစဉ်မှာ အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့ နယူးကာဆယ်အသင်းက အိမ်ရှင်ဝက်စ်ဟမ်းအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါတယ်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○**

**ယနေ့ ဖတ်စရာ**

**ပညာရှင် ရှေးဆေးသမား၊ ကျေးဇူးတရားမမေ့ပြေား ရှေးတိုင်းရင်းဆေးသမားတော်ကြီးများအကြောင်း သိကောင်းစရာ**
ဆောင်းပါး စာမျက်နှာ » ၁၆

**ရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတိရစ္ဆာန်များ ပြန်လည်ဖြည့်ဆည်းပေးအပ်**
စာမျက်နှာ » ၁၈